အာဏာ ဂျာနယ် အမှတ်-၇ ၊ ပြည်သူ့အာဏာ ဂျာနယ် အမှတ်-၇ ၊ ပြည်သူ့အာဏာဂျာနယ်

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အာဘော်

# ပြည်သူ့အာဏာ ဂျာနယ်

၁၉၉၀ ခုနှစ် ဇူလိုင်-၅ ရက်

## အမှတ်-၇

က်ပွဲ အပြီး လောလောဆယ် ... ငန်းတာဝန်များနှင့်ပတ်သက်၍ဗ

ကျောနိုင်ပြသနာ ၊ ဗမာပြည်ဒီမိုကရေစီတော်လှန်ရေး၏တိုက်ပွဲသကျောနိုင်ပြသနာ ၊ ဗမာပြည်

သော တိုက်ပွဲသကျာနိုလော ? ... ကိုင်တိုက်ပွဲသကျာနိုလော ? ငြိမ်းချမ်းသောတိုက်ပွဲသ

၏အကြံအစည်နှင့်ဖြိမ်းခြောက်မှု ၊ ဒို့အရေးသုံးပါးသို့မဟုတ် စစ်အုပ်စု၏အကြံအစည်နှင့်ဖြိ

ရှု၏သင်ခန်းစာများ ၊ ဗိုလ်အိုင်လီနင် ၊ မော်စကုံအုံကြွမှု၏သင်ခန်းစာများ ၊ ဗိုလ်အိုင်လီနင် ၊ မ

သူ့အမြင် ၊ ပြည်သူ့အမြင် ၊ ပြည်သူ့အမြင် ၊ ပြည်သူ့အမြင် ၊ ပြည်သူ့အမြင် ၊ ပြည်သ

ကွဲများ ၊ အရင်းရှင်စနစ်၏အခြေခံပဋိပက္ခများ ၊ အရင်းရှင်စနစ်၏အခြေခံပဋိပက္ခများ ၊

လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ဗမာပြည်ကွန်

ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ အာဘော်

# ပြည်သူ့အာဏာ

၁၉၅၀ ခုနှစ် ဇူလိုင်လ ၁၅ ရက်

ဂျာနယ်

အမှတ်

၇

ရွေးကောက်ပွဲအပြီး လောလောဆယ်လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍

ဗမာပြည်ကွန်မြူနစ်ပါတီ၏

# ပြည်သူလူထုသို့ - တင်ပြချက်

ပြည်သူလူထုအပေါင်းတို့ -

ဗမာပြည် ပြည်သူလူထုကြီး၏ အင်အားပြပွဲကြီးဟု ဆိုရမည့် ပြည်လုံးကျွတ် ရွေးကောက်ပွဲကြီး၏ အနိုင်အရှုံးစာရင်းများကား ပေါ်ထွက်လာခဲ့ပေပြီ။ ပြည်သူတွေ မျှော်လင့်ထားသည့်အတိုင်း ဖဆပလ၏ အမွေဆက်ခံသူ၊ နဂါး၏အမည်မခံသော ကိုယ်ပွားဖြစ်သည့် တစည ပါတီမှာ ချက်ချက်ယက်ယက် ရှုံးသွားခဲ့သည်။ အာဏာအမျိုးမျိုး နှင့် အခွင့်အရေးအမျိုးမျိုးကို အပြည့်အဝ ရရှိထားသော တစည သည် မဲအရေအတွက်အရဖြစ်စေ၊ အမတ်နေရာ အရေအတွက်အရဖြစ်စေ၊ ၁၉၅၆ ခုနှစ်နှင့် ၁၉၅၁-၅၂ ခုနှစ် ရွေးကောက်ပွဲများတုန်းက အာဏာရ ဆိုသူများထက် လွန်စွာမှ နည်းနေသည်ကို တွေ့ရသည်။ တပါတီထဲ ဆန္ဒခံယူပွဲတွေ လုပ်ခဲ့စဉ်က မဲအမြောက်အများ ရသည်ဟုဆိုပြီး ဘွတ်ကော်ကိုယ်စားလှယ်လုပ်၊ ဝန်ကြီးလုပ်ခဲ့ကြသော စစ်ဗိုလ်ကြီးများမှာ တပါတီဝင်ကြပြီး ယှဉ်ပြိုင်ရသောအခါ မရှုမလှ ရှုံးကျန်ကြခြင်း ပင်ဖြစ်သည်။

ဤ ရွေးကောက်ပွဲသည် ရှစ်လေးလုံးအရေးတော်ပုံကြီး၏ ရလာဒ် ဖြစ်ရုံမက ပြည်သူလူထုကြီးအနေဖြင့် ယင်းအရေးတော်ပုံကြီး၏ ရည်မှန်းချက်များအတွက် ကြံ့ကြံ့ခိုင်ခိုင်၊ ဇွဲရှိရှိနှင့်ပြတ်ပြတ်သားသား၊ ကျင်ကျင်လည်လည် ဆက်လက်တိုက်ပွဲဝင်နေဆဲဖြစ်ကြောင်း ပေါ်ပြလိုက်ခြင်းလည်း ဖြစ်ပေသည်။ လမ်းမများပေါ်တွင် အသေခံကာ တောင်းဆိုချက်များ ဟစ်ကြွေးပြီး ဆန္ဒဖော်ပြခဲ့ကြသလို မဲရုံများတွင်လည်း အသံမထွက်ပဲ ဆန္ဒဖော်ပြခဲ့ကြပေပြီ။ ရှစ်လေးလုံးအရေးအခင်းကြီး အထွတ်အထိပ် ရောက်နေချိန်တွင် မဆလ ဥက္ကဋ္ဌ နှင့် နိုင်ငံတော် သမ္မတ နာမည်ခံထားသူ ဒေါက်တာ မောင်မောင်က ဆန္ဒပြနေသူများသည် ဆူပူသူ အနည်းစုသာ ဖြစ်သည်ဟူသော သဘောမျိုး ဖြင့် "မီးဖိုချောင်ထဲ၌ အသံတိတ်နေသူများ၏ ဆန္ဒကိုနားထောင်ပါဦး" ဟုပြောခဲ့သည်။ ယခုတော့ တိတ်တိတ်ဆိတ်ဆိတ်နေသော အများစုကြီးက ၎င်းတို့၏ဆန္ဒကို ရှင်းလင်းပြတ်သားစွာ ဖော်ပြလိုက်ပြီ မဟုတ်ပါလော။

ယခုကဲ့သို့ ရွေးကောက်ပွဲကြီးတွင် စစ်အုပ်စု၏ တစည အပေါ် အနိုင်ယူလိုက်ခြင်းမှာ ပြည်သူလူထုကြီးအနေဖြင့် ဒီမိုကရေစီ လမ်းကြောင်းကြီးပေါ်၌ အတားအဆီးတခုကို ကျော်လွှားနိုင်ခြင်းသာ ဖြစ်ပေသေးသည်။ ရှေ့တွင် စစ်အုပ်စုနှင့် ငြိမ်/ပိ စစ်အစိုးရတို့က ဖန်တီးထားသည့်၊ ဖန်တီးဦးမည့် အခက်အခဲ အတားအဆီးပေါင်း မြောက်များစွာကို တွေ့ကြုံရပေဦးမည်။ စစ်အုပ်စုက ၎င်းတို့၏အရှုံးကို လွယ်လင့်တကူလက်ခံ၊ အသိအမှတ်ပြုသည်ဟူ၍ ဘယ်တုန်းကမှ မရှိခဲ့ဘူးချေ။ ဖွက်ဖဲအမျိုးမျိုးကိုင်ပြီး နိုင်ငံရေးလုပ်လေ့ရှိသော ၎င်းတို့၏အလေ့အထကို အစဉ်သတိရှိရ ပေမည်။

အလွယ်ဆုံး ဥပမာ ပြရလျှင် အာဏာလွှဲပေးရေး ကိစ္စပင်ဖြစ်သည်။ ယခု အချိန်အထိ ရွေးကောက်ပွဲ အနိုင်ရရှိသော အဖွဲ့အစည်း၏ အဓိက ခေါင်းဆောင်များကို ဆက်လက် ချုပ်နှောင် ဖမ်းဆီးထားရုံမက ကျန်ရှိသော ခေါင်းဆောင်များ နှင့်လည်း အာဏာလွှဲပြောင်းပေးရေးကိစ္စကို ဆွေးနွေးခြင်း မပြုသေးခြင်းနှင့် ရွေးကောက်ပွဲ အနိုင်အရှုံးစာရင်းကို အမြန်ကြေငြာ နိုင်ပါလျက်နှင့် အချိန်ဆွဲကာ တတိတိ ကြေငြာနေခြင်းတို့ကား ၎င်းတို့၏ မရိုးသားမှုကို ပြနေခြင်းဖြစ်ပေသည်။

တကယ်တော့ အမျိုးသားပေါင်းစုံ ပြည်သူတရပ်လုံး၏ ဆန္ဒနှင့် လိုက်လျောညီထွေ သော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ တရပ် ရေးဆွဲရေးကဲ့သို့သော လုပ်ငန်းကြီးများမှာ

[illegible]

[illegible]ကြောင့် ရွေးကောက်ပွဲပြီးနောက် အပူတပြင်း ဖြေရှင်းရမည့် ပြဿနာမှာ အာဏာကို အမြန်ဆုံး လွှဲပြောင်းရေးပင်ဖြစ်ကြောင်း ထင်ရှားနေပေသည်။

တိုင်းပြည်၏ အချုပ်အခြာ အာဏာပိုင်မှုနှင့် တစည်းတလုံးတည်းဖြစ်မှုကို အာမခံ နိုင်သော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရပ် ဆိုသည်မှာ ဗမာပြည်အခြေအနေအရ တန်းတူရေးနှင့် သွေးစည်းရေးအပေါ်အခြေခံပြီး အမျိုးသားတိုင်းက ကျေနပ်လက်ခံနိုင်သော အခြေခံဥပဒေ ဖြစ်ရပေမည်။ လူမျိုးတခု သို့မဟုတ် လူမျိုးအချို့က အခြားလူမျိုးတခုအပေါ် နိုင်စားခွင့်ရသော အခြေခံဥပဒေမျိုး မဖြစ်သင့်ပေ။ သို့မဟုတ်ပါက "တို့အရေးသုံးပါး" ဟူ၍တတွတ်တွတ် ကြွေးကြော်နေသူ စစ်အုပ်စု လက်တဆုပ်စာက "နိုင်ငံတော်ပြိုကွဲမည့် အန္တရာယ်မှ လက်မတင်လေး ကယ်တင်မည့်" အန္တရာယ်ကြီးနှင့် ထပ်မံ ကြုံတွေ့ ကြရနိုင်ပေသေးသည်။

ဗမာပြည် ပြည်သူလူထုကြီး အနေဖြင့်မူ ရွေးကောက်ပွဲမှတဆင့် ၎င်းတို့တင်မြှောက်လိုက်သည့် အစိုးရတရပ် ဖွဲ့စည်းပြီးပြီဆိုသည်နှင့် ဒီမိုကရေစီရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားသွေးစည်းညီညွတ်ရေး ဟူသော ၎င်းတို့အနှစ်နှစ်အလလ တောင့်တခဲ့သော အရာများကို အလျင်အမြန် မြင်တွေ့လိုလှကြောင်း သိနှင့်ပေါ်ပြုကြပြီး ဖြစ်ပေသည်။ နိုင်ငံတနိုင်ငံအတွက် မရှိမဖြစ်လိုအပ်သော ဤအခြေအနေ သုံးရပ်ကို စစ်အုပ်စုက တလျောက်လုံး ခေါင်းမာစွာ ငြင်းပယ်ခဲ့သည်ဖြစ်ရာ ယခု အပြောင်းအလဲတွင် ဤမျှော်လင့်ချက်ကြီး ပြည့်ဝပါမည်ဟု ပြည်သူတို့ မျှော်မှန်းကြ သည်မှာ သဘာဝ ကျလှပေသည်။ ဒီမိုကရေစီ ချုပ်ချယ်မှုကြောင့် ပေါ်ပေါက်ခဲ့ရသော ပြည်တွင်း စစ်နှင့် အမျိုးသား သွေးကွဲမှု၊ ထို့ပြင် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားသွေးစည်းညီညွတ်မှု မရှိသဖြင့် မပြည့်စုံ မခိုင်မာသော ဒီမိုကရေစီ - ဤသည်တို့ကား အင်္ဂါတခု၏ ခေါင်းနှင့်ပန်း[illegible] ယှက် နီးကပ်စွာ ဆက်စပ်လျက်ရှိသည်။ ဤ ပြဿနာများအား ဖြေရှင်းနိုင်ခြင်းမရှိလျှင် တိုင်းပြည် အား မည်သည့်ခေတ်တွင်မျှ တိုးတက်အောင် မဆောင်ကျဉ်း နိုင်ကြောင်း ပြီးခဲ့သည့်သမိုင်းက အထင်အရှား ဖော်ပြနေပေသည်။

ဤသည်နှင့် တဆက်တည်း ဖမ်းထားသော နိုင်ငံရေးအကျဉ်းသားများအား ခြွင်းချက်မရှိ လွှတ်ပေးရေး၊ မတရားသင်း ကြေငြာခြင်းခံထားရသော၊ သို့မဟုတ် ဖျက်သိမ်းခြင်း ခံထားရသော နိုင်ငံရေးပါတီများအားလုံး ခြွင်းချက်မရှိ တရားဝင် တည်ရှိ လှုပ်ရှားခွင့်ပြုရေး ကိုလည်း အကောင်အထည် ဖော်ရပေမည်။ ငြိမ်/ပိ စစ်အစိုးရက နိုင်ငံရေးအရ ဖမ်းဆီးထား သူ မရှိ ဟူ၍ မျက်စိမှိတ် ငြင်းနေကြသော်လည်း နိုင်ငံရေးအရ နှိပ်ကွပ်လိုသဖြင့် ပုဒ်မ အမျိုးမျိုး တပ်ပြီး ထောင်သွင်းအကျဉ်းချထားသူ နိုင်ငံရေးသမားများကား ထောင်နှင့်ချီ၍ ရှိပေသည်။ နောက်ပြီး နိုင်ငံရေး ပါတီများအား တရားဝင် ရပ်တည်လှုပ်ရှားခွင့် ပြုရေးဆိုသည်မှာလည်း အင်မတန် ရိုးစင်းသည့် အခြေခံ ဒီမိုကရေစီ အခွင့်အရေးသာ ဖြစ်ပေသည်။ ထို့ကြောင့် ဤအချက် နှစ်ချက်သာ [illegible]နေပါက ရွေးကောက်ပွဲ၏ အသီးအပွင့်များမှာ မပြည့်စုံဟု ဆိုရပေမည်။

ဤရွေးကောက်ပွဲကြီး အပြီးတွင် နောက်ထပ်မေးရန် မေးခွန်းတခုမှာ [illegible] ပြီး [illegible] တိုးချဲ့နေသော စစ်တပ်သည် ပြည်သူက ရွေးချယ်တင်မြှောက်ထားသော ဒီမိုကရေစီ အစိုး ရ

သစ်အား ကျိုးကျိုးနွံနွံ နာခံပါမည်လော ဆိုသည်ပင်ဖြစ်သည်။ တကယ်တော့ ကျွဲစစ်တပ်ကြီးအား စစ်အုပ်စု၏ တာလက်ကိုင် ဝါဒတပ် အဖြစ်မှ ဒီမိုကရေစီ အရေးတော်ပုံအား သစ္စာစောင့်သိသော စစ်တပ်အဖြစ် အနှစ်သာရရော သဏ္ဍာန်အရပါ ပြောင်းလဲပစ်နိုင်မှသာ ဗမာပြည်တွင်း ဒီမိုကရေစီ၊ ငြိမ်းချမ်းရေးနှင့် အမျိုးသား သွေးစည်းညီညွတ်ရေးတို့မှာ အာမခံချက် ရှိပေလိမ့်မည်။ ထို့ကြောင့် ကျွဲပစ်တပ်အား ဒီမိုကရေစီအသွင် မြှင့်တင်ပေးရေးနှင့် ပြန်လည်ပြင်ဆင် ဖွဲ့စည်းရေးတို့မှာ မဖြစ်မနေ လုပ်ရမည့်ကိစ္စ ဖြစ်ပေသည်။

အထက်တွင် တင်ပြခဲ့သော အချက်များကို ဆက်လက်အကောင်အထည် ဖော်သွားရန် ဆိုသည်မှာ လွယ်ကူသော အလုပ်ငန်းတရပ် မဟုတ်ချေ။ အထူးသဖြင့် စစ်အုပ်စု၏ စစ်အာဏာရှင်စနစ်နှင့် စစ်ဗျူရိုကရက် ယန္တရားကို ဆက်လက်ကာကွယ်ရှိနေသ၍ ခက်ခဲရှုပ်ထွေးသော အတားအဆီး အနှောင့်အယှက်အမျိုးမျိုးနှင့် ရင်ဆိုင်ကြရဦးမည်သာ ဖြစ်သည်။ ထို့ကြောင့် ရှေ့ဆက်ကြိုးပမ်း ကြရာ၌လည်း ရှစ်လေးလုံးအရေးတော်ပုံ ကာလတုန်းကပိုင် အင်အားစုအားလုံးတို့ ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး ဒါးတောင်းကြိုက်မဖြတ်ပဲ ဆက်လက်ချီတက် ဆောင်ရွက်ကြမှသာ အောင်မြင်မှု ရမည်ဟု ယုံကြည်ပါသည်။ သို့မှသာလျှင် အသက်ပေါင်းများစွာ သွေးပေးပြီး ရရှိထားသော ဂုဏ်ရှိ အရေးအသားကို ဆက်လက်ထိန်းသိမ်းကာ ဒီမိုကရေစီ အောင်သီးအောင်ပွင့်များကို လက်မဲ့တိုး ခူးဆွတ်နိုင်ပေလိမ့်မည်။ ပြည်သူလူထုတရပ်လုံး ညီညွတ်လျှင် အံ့ဘနန်းကိစ္စများ အောင်မြင်နိုင်ကြောင်း ကို ပြီးခဲ့သည့် ရွေးကောက်ပွဲကြီးက အထင်အရှား ပြသခဲ့ပေပြီ။

၁၃၅၂ ခုနှစ်၊ နယုန်လဆန်း ၉ ရက်။
၁၉၉၀ ခုနှစ်၊ ဇွန်လ ၁ ရက်။

ဗဟိုကော်မတီ
ဗမာပြည် ကွန်မြူနစ်ပါတီ။

# ငြိမ်းချမ်းသော တိုက်ပွဲသဏ္ဍာန်လော?
# လက်နက်ကိုင် တိုက်ပွဲ သဏ္ဍာန်လော?

(၁)

ဗမာပြည် ဒီမိုကရေစီတော်လှန်ရေး၏ သမိုင်းဖြစ်စဉ်တွင် တိုက်ပွဲသဏ္ဍာန် ရွေးချယ်ရမည့် လမ်းဆုံလမ်းခွ ကာလတခုသို့ ယခုရောက်နေပြန်ပေပြီ။ ငြိမ်းချမ်းသော တိုက်ပွဲသဏ္ဍာန်ကို လိုက်ရမည်လော .. အကြမ်းဖက်သော လက်နက်ကိုင်တိုက်ပွဲသဏ္ဍာန်ကို လိုက်ရမည်လော - ဤတိုက်ပွဲသဏ္ဍာန် နှစ်ခုအနက်မှ တခုခုကို ပြည်သူတို့ ရွေးချယ်ရပေဦးတော့မည်။

တိုက်ပွဲသဏ္ဍာန် ရွေးချယ်ရမည်ဟု ဆိုသဖြင့် အဖိနှိပ်ခံပြည်သူ၊ အဖိနှိပ်ခံလူတန်းစား၊ အဖိနှိပ်ခံ အသင်းအဖွဲ့ ပါတီတို့၌ စိတ်ကြိုက် လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် ရှိနေသည်ဟု ဆိုလိုခြင်း မဟုတ်ပေ။

တိုက်ပွဲသဏ္ဍာန် ရွေးချယ်ရေးတွင် အဆုံးအဖြတ်အခန်းက နေသူသည် အဖိနှိပ်ခံများမဟုတ်၊ ဖိနှိပ်သူတို့သာဖြစ်သည်။ အုပ်ချုပ်ခံများမဟုတ်၊ အုပ်စိုးသူတို့သာဖြစ်သည်။ နိုင်ငံတကာတွင်ရော၊ ဗမာပြည်တွင်ပါ ဤအတိုင်းဖြစ်သည်။

ဖိနှိပ်သူ၊ အုပ်စိုးသူ တနည်းအားဖြင့် နိုင်ငံတော်အာဏာရရှိထားသူများကသာ ဘယ်ဖိနှိပ်အုပ်စိုးသည့် သဏ္ဍာန်ကို ကျင့်သုံးမလဲ? အကြမ်းဖက်နည်း သုံးမှာလား? လိမ်လည်လှည့်ဖြားတဲ့ နည်းသုံးမှာလား? ဆိုသည်ကို ရွေးချယ်ပိုင်ခွင့် ရှိကြပေသည်။ ရွေးလည်း ရွေးချယ်ခဲ့ကြသည်။ ၈၈ ခုနှစ် လူထု၏ ဒီမိုကရေစီအရေး တော်ပုံကာလကို ပဲ ကောက်ပြီးကြည့်လျှင် --

- ၈၈ ခုနှစ် မတ်လမှ ဩဂုတ်လ လယ်ပိုင်း စိန်လွင်ဖြုတ်ချသည့်နေ့အထိ အကြမ်းဖက် ဖိနှိပ်သည့် သဏ္ဍာန်ကို အဓိကအားဖြင့် သုံးခဲ့သည်။ မောင်မောင်၏ သမ္မတ သက်တမ်းတွင် လိမ်လည်လှည့်ဖြားသော နည်း (ဝါ) အပျော့ဆွဲဆွဲသည့်နည်းကို အဓိကအားဖြင့် သုံးခဲ့သည်။ ၁၈ စက်တင်ဘာလ အာဏာသိမ်းကတည်းက စောမောင်၏ ငြိမ်/ပိ စစ်အစိုးရက အကြမ်းဖက်သည့် နည်းကို ပြန်ကိုင်သည်။

ပြည်သူလူထုက လုပ်နိုင်သည်မှာ သူ့ဘက်က အကြမ်းဖက်လာလျှင် ကိုယ့်ဘက်ကပြန်ပြီး အကြမ်းနည်းဖြင့် ခုခံနိုင်အောင်၊ သူ့ဘက်က လိမ်လည်လှည့်ဖြားလာလျှင် ကိုယ့်ဘက်က အလိမ်မမိအောင် ပြင်ဆင်ထားဖို့ပင် ဖြစ်သည်။

အုပ်စိုးသူများသည် တခါတရံတွင် အကြမ်းဖက်သည့်နည်းရော လိမ်လည်လှည့်ဖြားသည့် နည်းပါ ရောစွမ်းပြီး သုံးတတ်ပေသေးသည်။ ဤအခါတွင်လည်း ပြည်သူလူထုသည် သူ့တန်ပြန်တော်လှန်ရေး ၂ ခုရိယာယ်ကို ကိုယ့်တော်လှန်ရေး ၂ ခု ရိယာယ်ဖြင့် တုံ့ပြန်ရန်ပင်ဖြစ်သည်။

ပြည်သူလူထုအတွက် အရေးတကြီး အရေးအကြီးဆုံးမှာ ဖိနှိပ်အုပ်စိုးသူများဘက်က ဘယ်နည်းကိုပဲ သုံးလာသုံးလာ ကိုယ့်ဘက်က ရင်ဆိုင်ရန် အဆင်သင့်ဖြစ်နေအောင် အဖက်ဖက်က ပြင်ဆင်ထားရန်ပင် ဖြစ်သည်။

(၂)

လူထုက စိတ်ချုပ်တည်းကာ အောင့်ပြီးစောင့်ခဲ့ရသည့် ရွေးကောက်ပွဲကား ပြီးသွားပေပြီ။ ပြည်သူလူထုသည် ရွေးကောက်ပွဲကို အဘက်ဘက်ဆန္ဒပြပွဲကြီးတခုဖြစ်အောင် ပြောင်းပစ်နိုင်ခဲ့သည်။ ရွေးကောက်ပွဲ ရလဒ်ကြောင့် ငြိမ်/ပိ စစ်အစိုးရသည် တအံ့တဩဖြစ်သွားသည်နှင့် အပြိုင်ဘဲ လူထုကို ရှုံ့ကြောက်ကြီးသည်း ဖြစ်သွားသည်။ ခြေမကိုင်မိ လက်မကိုင်မိသည်း ဖြစ်သွားကာ အာဏာ အမြန်လွှဲပေးရေး ကိစ္စနှင့်ပါက်

ထက်၍ ဝေလည်ကြောင်းပတ်လှုပ်လာသည်။ ၄င်းတို့ဦးမည်ဟု မှန်းထားသောသူများ (နိုင်အောင်လည်းလုပ်ပေးသည်) သာနိုင်ပါက ၊အမြန်အာဏာလွှဲပေးမည်ဖြစ်သော်လည်း - ၄င်းတို့တဖက်သတ် ဖိသားသော- နှင်မွဲချုပ်က အနိုင်ရသွားသောအခါ ဘာလုပ်ရမလဲ ဟု ခေါင်းခြောက်အောင် စဉ်းစားနေကြရသည်။ (သူတို့စဉ်းစားသည်ဟုဆိုသည်မှာ စောမောင်ခင်ညွှန့်ဟူသော ကန့်လန့်ကာရှေ့ထွက်ရသည့် ရုပ်သေးရုပ်များကစဉ်းစားသည်ဟု မဆိုလိုပါ။ ကန့်လန့်ကာနောက်ကွယ်မှ ကြိုးဆွဲနေသော နေဝင်းတစ်အုပ်စုက စဉ်းစားခြင်းကိုဆိုလိုသည်။)

ဘာဆက်လုပ်မလဲ ? ဟူသောမေးခွန်းကို သူတို့မှည့ ဖြေရတော့မည်။ ဝေလည်ကြောင်းပတ်လှုပ်နေ၍မရတော့ - အဖြေပေးရမည့် အချိန်ကလည်း တစတစ နီးကပ်လာနေပြီ။ အကြမ်းဖက်မလား? လိမ်မည်မလား? လိမ်လျှင် ဘယ်လိုလိမ်ရမလဲ? လိမ်ဖို့ကလည်း နည်းလမ်းကုန်နေပြီ စသဖြင့် ------ ။

စစ်အာဏာရှင်,စစ်အုပ်စု အကြပ်ရိုက်နေချိန်တွင် ပြည်သူလူထုတွင်ကား အောင်ပွဲခံစိတ်ဓါတ် များ အလျှမ်းလျှမ်း တက်နေသည်။

ရွေးကောက်ပွဲရလာဒ်များမှာ အံ့မခန်းကောင်းမွန်လှသည်။ စစ်အာဏာရှင်က အမျိုးမျိုးညစ်ပတ်-ဖိနှိပ်နေသည့်ကြားက ကျွမ်းကောင်းမွန်သောရလာဒ်ကို ရရှိအောင် စွမ်းဆောင် အောင်မြင်လိုက်သောကြောင့် - ပြည်သူလူထုသည် ရွှင်လန်းအားရ ဖြစ်နေကြသည်။ ဖြစ်လည်းဖြစ်သင့်ပေသည်။ ပြည်သူလူထုတို့သည် နှိပ်ကွပ်ခံခဲ့ရသော စစ်အုပ်စုနှင့် နေ့စဉ်နှင့်အမျှ ဖော်ကားမော်ကား လုပ်နေသော စောမောင်-ခင်ညွှန့် စစ်အာဏာရှင်ကို ငြိမ်းချမ်းစွာ (ရွေးကောက်ပွဲရုံကတော့ တကယ့်ကို ငြိမ်ငြိမ်းချမ်းချမ်း - လက်ရုံးလက်မောင်း တခါ မှမဆန့်တန်းပဲ၊ ကြွေးကြော်သံ တခွန်းမှမအော်ပဲ) အနိုင်ပြလိုက်ရသည့်အတွက် အောင်ပွဲခံစိတ်ဓါတ်ပြည့်လျှမ်း နေသည်။

ရွေးကောက်ပွဲတွင် ပြည်သူလူထုက မှတ်ကောသီကာ နိုင်လိုက်ခြင်းမဟုတ် - အပြတ်အသတ်နိုင် လိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် မဲရုံတွင်း မဲရုံ နှင့် မဲရေတွက်ပုံတို့တွင် စစ်အာဏာရှင် ညစ်ပတ်ခဲ့သည်များကို ပြည်သူလူထုက သဘောထားကြီးစွာဖြင့် ဥပေက္ခာပြုလိုက်ကြသည်။ တခွန်းတပါဒမျှ ဝေဖန်ကန့်ကွက်ခြင်း မပြုနေခဲ့ကြသည်။

ဤသို့ ဝေဖန်ကန့်ကွက်ခြင်း မပြုသည်ကိုပင် စစ်အာဏာရှင် အခွင့်ကောင်းယူကာ သူတို့လုပ်ပေးလိုက်သည့် ရွေးကောက်ပွဲသည် "လွတ်လပ်" ၍ "တရားမျှတ" နေသောကြောင့်သာ ဝေဖန်ကန့်ကွက်မှု မခံရခြင်း ဖြစ်လေဟန် ကြွားဝါးတက် နေကြပေသေးသည်။

ပြည်သူလူထုက ဝေဖန်ကန့်ကွက်စရာမရှိ၍ ဝေဖန်ကန့်ကွက်ခြင်း မပြုပဲနေသည်မဟုတ်ကြောင်း ဝေဖန်ကန့်ကွက်စရာတွေ ဒုနဲ့ဒေး ရှိကြောင်းကိုကား လူတိုင်းသိကြပေသည်။ စစ်အာဏာရှင်ကို ငုံ့ကြည့် သက် တို့ မှုပ်မ်အောင်နှင့် စစ်အာဏာရှင်က ရှက်ရှက်နှင့် ရှက်ရမ်းရမ်း မလာအောင် - အမြော်အမြင်ကြီးစွာနှင့် ချုပ်တီးနေကြခြင်းသာဖြစ်သည်။ နေဝင်း၏စရိုက်ကိုလည်း ပြည်သူလူထုက ကောင်းကောင်း သိထားပြီးဖြစ်၍ ပိုရှိပင် ချုပ်တည်းထားကြကာ စစ်အာဏာရှင်က နောက်ထပ်လှမ်းလာမည့် ခြေလှမ်းကို သတိနှင့် စောင့်ကြည့်နေကြ ပေသည်။

(၃)

၁၉၈၈ စစ်အာဏာရှင် အာဏာသိမ်းစဉ်က သူတို့ကိုယ်သူတို့ ပေးအပ်ခဲ့သောကတိမှာ ၄ ချက် ပါသည်။ ယင်းတို့အနက် နောက်ဆုံးတချက် ကတိမှာ 'ရွေးကောက်ပွဲ' ဖြစ်သည်။ သူတို့ပြောသည့်အတိုင်း ယခု ကျင်းပပြီး ဖြစ်၍ အာဏာလွှဲရန်သာ ရှိတော့သည်။ သို့သော် ---- အာဏာလွှဲရေးကို တတ်သာသရွေ့ မလွှဲဘဲနေချင်သော်လည်း အချိန်မရွေးအာဏာပြန်သိမ်းနိုင်ရန် သူတို့ကိုယ်သူတို့ 'တို့အရေးသူ့ပါး' ကတိများပေးအပ် နေပြန်တော့ပြီ။

'တို့အရေးသူ့ပါး' ဆိုသည့်အထဲတွင် 'ပြည်ထောင်စုမပြိုကွဲရေး' ဆိုသည်မှာ အဓိကကျပေသည်။ သူတို့ပြောသည့် 'ပြည်ထောင်စုမပြိုကွဲရေး' ဆိုသည်မှာ စစ်အုပ်စု အာဏာရရေး - စစ်အုပ်စုအာဏာတည်မြဲ

ရွေးကောက်ပွဲရလာဒ်ကြောင့် ၁၉၉၀ စစ်အာဏာရှင်တို့ အံ့တကြ ဖြစ်သွားသည်နှင့် ........

ရေး လှုပ်ရှားလိုပြီ ရှိပေသည်။

၁၉၆၂ ခုနှစ်က 'ပြည်ထောင်စုမပြိုကွဲရေး' ဟုအကြောင်းပြကာ စစ်အုပ်စုက အာဏာသိမ်းခဲ့ ပြီး မှတ်မိပါလော - ၈၈ ခုနှစ်တွင် စောမောင်တို့အာဏာသိမ်းတုံးကလည်း ထိုအကြောင်းပြချက်ဖြင့် ပင် လုပ်ခဲ့ပါလော။

ယခုလည်း ၎င်းတို့ အာဏာလက်မလွှတ်ရေးရန် "ပြည်ထောင်စုမပြိုကွဲရေး" "တပ်မတော်ပြို ကွဲလျှင် ပြည်ထောင်စုပြိုကွဲမည်" ဟူသော အာဘော်များဝေဝေဆ နေကြပြန်သည်။ အချို့နေရာများတွင် အာ ဏာရှင်ဂျူဘမက လက်ရှိလည်းအကြမ်းဖက်ပြီး အာဏာဆိုင်း ပွဲလုပ်ရန် ပြင်ဆင်နေသည်ကိုတွေ့နေ ရပေသည်။

ရွေးကောက်ပွဲပြီးကာစတွင် ခြေငြိမ်သွားသော ခင်ညွန့်သည် ယခု ရက်ပိုင်းအတွင်း မြန်မာ့ခြေ ဆက်ကာ ဘာလျှော်ပြင်ညာဝှ ပြောနေသည်ကို တွေ့နေရပြန်သည်။ တပ်များကို အာဏာက အမိန့်ပေးသ ဖြင့် ရက်မှတ် လိုက်နာကြရန် ကြေးတားစစ်ဆေးမှုများကို ရိုက်သွင်းပေးနေသည်။ ဂုဏ်ထူးဆောင် လက် မှတ် များ ပေါ်ပေါ်သီသီ ပေးခြင်းများလည်း လုပ်လျက်ရှိသည်။ ၎င်းကိုစိတ်မချ ရသည့် တပ်မိုလ်တပ်သားများ ကို အရေးယူရန်လည်း စိုင်းပြင်းလျက် ရှိသည်ကို တွေ့နေရသည်။

ထိုသည်များကို ကြည့်ခြင်းအားဖြင့် စစ်အုပ်စုသည် အာဏာကို အကြမ်းနည်းဖြင့် ထိန်းသိမ်း ထားရန် သန္နိဋ္ဌာန် ချထိုက်ပုံရပေသည်။ အရွှင့်အခါကောင်းကို စောင့်ပြီး ပြည်သူလူထုကို အကြမ်းဖက်ချိုက်နိုက် လာမည့် အန္တရာယ်ကား နီးကပ်သထက် နီးကပ်လာနေပေပြီ။

၁၉၆၂ ခုနှစ်တွင် နေဝင်းစစ်အုပ်စု အာဏာသိမ်းပွဲ လုပ်စဉ်က လူတဦးသာသေပြီး လူအချို့ သာ ဖမ်းဆီးခြင်းခံခဲ့ရသော်လည်း ၆၂ ဩဂုတ်မှသည် ၇၄-၇၅ အရေးအခင်းများအပြင် ၈၈ အရေးတော်ပုံ အထိ စစ်အုပ်စုအာဏာတည်မြဲရေးပွဲများတွင်ကား လူအမြောက်အများ သေကြေ၊ လူထောင်သောင်းချီ အဖမ်းခံခဲ့ရ သည်ကိုသည့် သမိုင်းသင်ခန်းစာကို မမေ့ဖို့လိုပေသည်။

ယခုအကြိမ် အာဏာသိမ်းပွဲ ဖြစ်ခဲ့လျှင် စစ်အုပ်စုသည် ပိုမိုရက်စက်ကြမ်းကြုတ်စွာ ပိုမိုရက်စက် ပေ လိမ့်မည်။

ပြည်သူများ နိုးနိုးကြားကြားရှိကြရန် စစ်အစိုးရက အချိန်မရွေး စတင်အကြမ်းဖက်လာမည် ကို တုံ့ပြန်ရန်နှင့် မိမိကိုယ်ကို ကာကွယ်နိုင်ရန် အဆင်သင့်ပြင်ထားကြရန် လိုပေသည်။

အကောင်းဆုံးကို မျှော်မှန်းထားသည်နှင့် တပြိုင်တည်း အဆိုးဆုံးအတွက်လည်း ပြင်ဆင်ထား ရမည် မမေ့အပ်ပေ။

(၄)

ဒီမိုကရေစီ တော်လှန်ရေး၏ ရည်မှန်းချက်ပန်းတိုင်သို့ ချီတက်ရာတွင် ဗမာပြည်ပြည်သူ များ ရွေးကောက်ခံခဲ့ရသည့် ခရီးစဉ်မှာ အခြေခံအားဖြင့် လက်နက်ကိုင် တိုက်ပွဲသဏ္ဍာန်ဖြင့် ချီတက်ခဲ့ရသည့် ခရီး စဉ် ဖြစ်သည်။

ထိုသို့ လက်နက်ကိုင် တိုက်ပွဲသဏ္ဍာန်ကို ရွေးချယ်ခဲ့ရခြင်းမှာလည်း အုပ်စိုးသူ လူတန်းစား အား သာ ငြိမ်းချမ်းစွာ နိုင်ငံရေးပြုမူဆောင်ရွက်ခွင့် (ဒီမိုကရေစီ အခွင့်အရေး) မပေးသဖြင့် မလွှဲမရှောင်သာ လက်နက်ကိုင်တိုက်ပွဲသဏ္ဍာန်ကို ရွေးချယ်ခဲ့ရခြင်းဖြစ်သည်။

ယခုအခါတွင် ငြိမ်/ပ် စစ်အစိုးရက "ဗကပ၏ လက်နက်ကိုင်တိုက်ပွဲလမ်းစဉ်" ဟုဟုတ် ခတ် မြွက်ဆိုကာ လက်နက်ကိုင်တိုက်ပွဲသဏ္ဍာန် ကျင့်သုံးခြင်းကို အကြီးအကျယ် ဆန့်ကျင်လျက်ရှိသည်။

ပြည်သူများနိုးနိုးကြားကြားရှိကြရန် စစ်အစိုးရက အချိန် မရွေးစတင် အကြမ်းဖက်

လာမည်ကိုတုံ့ပြန်ရန် နှင့်မိမိကိုယ်ကိုကာကွယ်ရန် အဆင်သင့်ပြင်ထားကြရန်လိုပေသည်။

## ကျွံအတိုင်းဟုတ်မဟုတ်ကို .......

## "သမိုင်းအဖြစ်မှန် ဖေါ်ထုတ်" လိုသော ချဉ်ခြင်းတပ်နေ သည့် နဝတ က

## ဦးနေဝင်းအသက်ရှင်စဉ် မေးကြည့်ထားဖို့ကောင်းသည် .........

[illegible] ကျောင်းချခြင်း မြည်သူများအနေဖြင့် [illegible] ရှေး ချုပ် ကြ[illegible] ဖြစ်သည်။

ကျွံသို့ ဆန့်ကျင်နေခြင်းမှာ အစ်ကအားဖြင့် ခွစ်ခုဘာရှိသည်။ များများစားစား မရှိ။ ငြိမ်းချမ်းသာနိုင်ငံရေး ပြုမူဆောင်ရွက်ခွင့်လည်းမရှိ၊ လက်နက်ကိုင်တိုက်ပွဲသဏ္ဌာန်ကိုလည်း မလိုက်သင့်ဟုဆိုလျှင် ဘာလုပ်စရာရှိသေးသနည်း။ ငြိမ်/ပိ စစ်အစိုးရ လုပ်သမျှကို ငုံခံနေကြဖို့သာ ရှိတော့သည်။

မြည်သူကိုသည် ငြိမ်/ပိ စစ်အစိုးရ၏ ကျူးကျော်သော ဖိနှိပ်မှုများနှင့် စော်ကားမော်ကားပြုမူ မှုများကို တနှစ်ကျော် နှစ်နှစ်နီးပါး ကြိတ်မှိတ်ပြီး အောင့်အီး သီးခံကာ ရွေးကောက်ပွဲကိုစောင့်ခဲ့သည်၊ ရွေးကောက် ပွဲဖြစ်လာသောအခါ - တခဲနက်တညီတညွတ်တည်း ဒီမိုကရေစီ ဘက်တော်သားများကို မဲပေး ရွေးချယ်ခဲ့ကြပြီဖြစ်သည်။

ကျွံအခြေအနေတွင် စစ်အစိုးရဘက်က ဖြူးဖြူးသားသား ဆိုပါက ရွေးကောက်ပွဲ အနိုင်ရရှိသူများကို အမြန်အာဏာလွှဲပေး ဖို့သာရှိသည်။ ဘာမှ စေ့လည်ကြောင်းတက် လုပ်နေစရာမလို ပေ။

ယခုတော့စစ်အစိုးရက မရိုးမသားလုပ်ကာ ဆက်ကြံကြံနေမှန်း သိသာလာပြီ။ ငြိမ်းချမ်းစွာတိုက်ပွဲဝင်နေသာလမ်းသာပိတ်သွားပါက ပဋိပက္ခမရှောင်သာ လက်နက်ကိုင်သော တိုက်ပွဲသဏ္ဌာန်ကိုသာ မြည်သူများ ရွေးချယ်စရာ ကျန်တော့သည်၊

ဗမာမြည် ဒီမိုကရေစီ အရေးတော်ပုံတွင် ကျွံသို့သော အခြေအနေမျိုး အကြိမ်ကြိမ်ဖြစ်ခဲ့ဘူးပေသည်။

၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးပြီးချိန်း အချိန်တွင် ကျွံအခြေအနေမျိုးကို ဗမာမြ ည်ကွန်မြူနစ်ပါတီ အနေနှင့် ကြုံခဲ့ရဘူးသည်၊ ဖဆပလ အစိုးရအဖွဲ့ဝင် ဝန်ကြီးလုပ်နေသူ ဆိုရှယ်လစ်ပါတီ ခေါင်းဆောင်တဦး၏ ကျော်မကောင်းကြားမကောင်းကိစ္စကို သတင်းအဖြစ်ရေးမိ ကြသော မြည်သူ့ဟစ်တိုင် ချွေဆောင် စသော သတင်းစာများကို လက်ျာဆိုရှယ်လစ်များက အုပ်ရုံဖွဲ့ပြီး သတင်းစာတိုက်ကို ရိုက်ချိုးကြသည်၊ ထိုသတင်းကိုယုံသော ကွန်မြူနစ်ပါတီ၏သတင်းစာ ကွန်မြူနစ်နေ့စဉ်ကိုလည်း ရိုက်ချိုးရန်လာကြသည်။ သို့သော် ပါတီဌာနချုပ်၌ ရဲဘော်များနှင့် ဝမ်းချောင်းရပ်ကွက်မှလူငယ်များက ကာကွယ်ကြသဖြင့် ထိုလူအုပ် အကြံမအောင် ဖြစ်သွားသည်။ ပုဂ္ဂလိကပိုင် သတင်းစာများကား နှမ်မကျေအောင် ရိုက်ချိုးခံခဲ့ရသည်။ မြည်သူ့ဟစ်တိုင် သတင်းစာတိုက်မှာ ဖဆပလအလုပ်အမှုဆောင် ကွယ်လွန်သူ ကျော်နြိမ်ကျော် ဦးချစ်မောင်၏ဇနီး ကျော်ငြိမ်ကျော် မမလေးက ဦးစီးထုတ် ဝေခြင်းဖြစ်သည်။

ထိုနေ့ကား သတင်းစာလွတ်လပ်ခွင့်ကို ပြောင်ပြောင်တင်းတင်းအကြမ်းဖက်၍ ရိုက်ချိုးခံရ သော နေ့ဖြစ်ခဲ့သည်။ ဖဆပလ အစိုးရအတွင်းတွင်ကျယ် နေကြသော လက်ျာဆိုရှယ်လစ်များ (မ သ ကပါဝင်သည် တိုလက်ျာ ဆိုရှယ်လစ်ပါတီမှ ဆင်းသက်လာခြင်း ဖြစ်သည်။ ဗိုလ်နေဝင်းစစ်အုပ်စုသည် - ထိုစဉ်က ဆိုရှယ်လစ်ပါတီ၏ တပ်တွင်းပါတီ အစုဝင် ဖြစ်သည်။ ) ကို နိုင်ငံရေးအရ မဆိုထားနှင့် ကာ ယရေးကိစ္စ (ဘကဲ့အပြောအပျက် ဖြစ်သည်၊ လုပ်ကြံပြီးအပုပ်ချခြင်းမဟုတ် ) ကိုပင် ရေးခွင့်မရှိ။ သူ ကိုးပုပ်ချင်သပ ဆိုလျှင် -ဂုဏ်သရေ ဖျက်မှုနှင့် တရားစွဲ နိုင်သည်။ သို့သော် သူတို့ ထိုသို့မလုပ် - အာဏာအါ ကိုးနှင့် သတင်းစာတိုက်ကို ရိုက်ချိုးကြသည်၊ ထိုသို့ရမ်းကားမှုများကို ဘယ်ကမှအရေးမယူ အမှုမ ဖြစ် ခဲ့ရုံမက သူကောင်းပြုခြင်း ခံခဲ့ကြရသည်၊ လက်ျာဆိုရှယ်လစ်တို့သည် ကွန်မြူနစ်များကို နိုင် ငံရေးအရ ဖိနှိပ်ရန် နာမည်ကျော် ပုဒ်မ (၅) ကိုလည်း ဖေါဖေါသီသီ သုံးခဲ့သည်။

သခင်သန်းထွန်း၏ "ဆိုရှယ်လစ်အရိုးတွေနဲ့ ဗားကရာချောက် ဖို့ပစ်မယ်" ဟူသော စ

အားသည် သတင်းစာတိုက်များ ရိုက်ချိုးခံခဲ့ရခြင်းနှင့် ဆက်စပ်ပြီး ပြောခဲ့ခြင်းဖြစ်သည်။ ကွန်မြူနစ်ပါတီနှင့် ပါတီရဲ့ သတင်းစာတိုက်ကို လာပြီး ဖော်ကားလို့ကတော့ ဆိုရှယ်လစ်ခေါင်းဆောင်ကိုရိုက်သတ်ပြီး အနီး၌ ဖားကျောခေါက်ထဲ ချုပ်စမည်ဟု ဆိုလိုခြင်းဖြစ်သည်။

ဤစကားကို ပြောခဲ့သော ငြိမ်/ပီ စစ်အစိုးရက အကြမ်းဖက်ကြိမ်း တုတ်သုံးကာ (မကပ) ကို အပြုံချဖို့ ကြိုးစားနေသည်။ သခင်သန်းထွန်း၏ ကျော်ကြားသော စကားသည် အစိုးရလုပ်သူမှ နှင့် မခံ မိမိကိုယ်ကို အရှုံးကျ ကာကွယ်မည်ဟု ကြေငြာခြင်းဖြစ်သည်။

အုပ်စိုးသူလုပ်သမျှ ငုံ့ခံကာ - ပုန်ကန်ရန် မကြိုးစားသော သူတန်းစား (သို့မဟုတ်) အဖွဲ့အစည်းသည် ရာဇဝင်ပန် ကျွန်ခံဖို့ပင်ကောင်းတော့သည်။ အုပ်စိုးသူတို့က အကြမ်းဖက်ပြီး ဖိနှိပ်လာမှုကို အုပ်စိုးခံတို့က အကြမ်းဖက် ပုန်ကန်ခြင်းသည် တရားပေသည်။ မိမိ၏ ယုံကြည်ချက်နှင့်ရည်မှန်းချက်ကို တန်ဘိုးထားသူတိုင်း ဦးလည်မသုန် ထမ်းဆောင်ရမည့် တာဝန်လည်းဖြစ်သည်။

ဤအဖြစ်အပျက် ဖြစ်ပြီး ရက်ပိုင်းအတွင်းမှာပင် တပြည်လုံး၌ ကွန်မြူနစ်များကို ဖဆပလ အစိုးရ (ဆိုရှယ်လစ်များ)က အလစ်အငိုက်တွင် ညဥ့်နက်သန်းခေါင် ကွန်မြူနစ် ဖမ်းပွဲကြီး လုပ်ခဲ့သည်။ တပြည်လုံး၌ ပါတီဝင် တထောင်နီးပါးမျှ အဖမ်းခံရသည်။

ထိုစဉ်က အဖြစ်အပျက်နှင့်ပါတ်သက်၍ ၁၉၆၃ ခုနှစ် ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲကာလက ဦးနေဝင်းက သခင်မသိန်းတင်ကို -

ဦးကျော်ငြိမ်း (ဖဆပလ အစိုးရ၏ ပြည်ထဲရေးဝန်ကြီး၊ ဆိုရှယ်လစ်ခေါင်းဆောင်တဦး) က သူ့ကို ကွန်မြူနစ်ပါတီ ဌာနချုပ်၏ အပေါ်ထပ်တွင် တပ်ရင်းတရင်း - လူလက်နက်အပြည့်အစုံနှင့် ပုန်ကန်ရန် အသင့်ဖြစ်နေလို့ - သက်ဦးမှုဖြင့် တပြည်လုံးတွင် ဖမ်းဆီးရကြောင်းဖြင့် ပြောခဲ့ကြောင်း၊ ၎င်းက (ဦးနေဝင်းက) "ကျုပ်ကျော်ငြိမ်းရာ အိမ်အပေါ်ထပ်ဆိုတဲ့ (ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ် ထားရှိရာတိုက်သည် မည်သည့်အခါက အပေါ်ထပ် မဖြစ်ခဲ့ဘူးသည်။) ပေါ်မှာ ဘယ်နှယ်လုပ်ပြီး တပ်ရင်းတရင်း နေလို့ရမှာလဲ" ဟု မှန်မှန်ပြောခဲ့ရကြောင်းဖြင့် ဦးနေဝင်းက ပြန်လည်ပြောပြခဲ့သည်။

ဤအတိုင်း ဟုတ်တမဟုတ်ကို "သမိုင်းအဖြစ်မှန်ပေါ်ဖို့" လိုသော ချဉ်းကပ်ချက်ဖြင့် တင်ပြနေသည်။ နောက်က ဦးနေဝင်းအသက်ရှင်စဉ် မေးကြည့်ထားဖို့ ကောင်းသည်။

ဤကဲ့သို့ ကွန်မြူနစ်များအတွက် ငြိမ်းချမ်းစွာ နိုင်ငံရေးလုပ်ဆောင်ခွင့် မရှိတော့သဖြင့် မလွှဲမရှောင်သာ လက်နက်ကိုင် တိုက်ပွဲသတ္တာန်ကို လုပ်ဆောင်ခဲ့ရသည်။

မလွှဲမရှောင်သာ လက်နက်ကိုင်တိုက်ပွဲသတ္တာန် လမ်းကြောင်းကိုလိုက်ရသည့် နိုင်ငံရေးပါတီ နိုင်ငံရေးအင်အားစုများမှာ များပြားလှပေသည်။ လက်နက်ကိုင်တိုက်ပွဲ ဘယ်တော့မှ မလုပ်ဟု ယတိပြတ် ရေးသားပြောဆိုခဲ့ဘူးသူ ပုဂ္ဂိုလ်ကြီးများပင်လျှင် - နိုင်ငံရေးကို ငြိမ်းချမ်းစွာ မလုပ်နိုင်လောက်အောင် ဖိနှိပ်ခြင်းခံရသောအခါ လက်နက်ကိုင် တိုက်ပွဲသတ္တာန်ကို ရွေးချယ်ခဲ့ရသော သာဓကများ ရှိပေသည်။ ၆၂ ခုနှစ် ဇူလိုင်အရေးတော်ပုံ တပ်သားများ၊ ၇၄/၇၅ အရေးအခင်းမှ တက်ကြွသူများနှင့် ၈၈ ခုနှစ် အရေးတော်ပုံ တပ်သားများတို့သည်လည်း မလွှဲမရှောင်သာ လက်နက်ကိုင် တိုက်ပွဲ - သတ္တာန်ကို ရွေးချယ်ခဲ့ကြရခြင်း ဖြစ်ပေသည်။

၉၀ ခုနှစ် ဒီမိုကရေစီ ဘက်တော်သားများသည်လည်း မလွှဲမရှောင်သာ ဤလမ်းကိုလိုက်ကြရတော့မည်လော ?

ငြိမ်/ပ် စစ်အစိုးရ မကြာမီ လုပ်ဆောင်လာမည့် လုပ်ဆောင်ချက်များအပေါ်တွင်မူတည် နေပေတော့သည်။

(၅)

တိုက်ပွဲသတ္တာန် နှစ်ခုအနက် လက်နက်ကိုင် တိုက်ပွဲသတ္တာန်ကို မလွှဲမရှောင်သာမှ သာ လိုက်ခဲ့ကြရခြင်းဖြစ်သည်။ လက်နက်ကိုင်တိုက်ပွဲ သတ္တာန်သည် အခက်အခဲဆုံး၊ အပင်ပန်းဆုံးနှင့် စွန့်လွှတ်ရမှုများကို အမြင့်ဆုံး ကြုံတွေ့ရသော တိုက်ပွဲသတ္တာန်ဖြစ်သည်။ ပြည်သူလူထု၏ထောက်ခံမှုကို ရမှသာ အောင်နိုင်သည်။ လုံးဝ ကိုယ့်အားကိုယ်ကိုးကာ ပြည်သူလူထု၏ ထောက်ခံစာနာမှုကို အဖက်က

ဂျပ်အောင်လှယ်ရင်း ပါမက်က အဖက်ဖက်တွင် ပြည့်စုံနေသော ရန်သူကိုတိုက်ရခြင်းဖြစ်သည်။ အစစ ပြင်ဆင်-လေ့ကျင့်ပြီးမှ (ပြင်ဆင်-လေ့ကျင့်နေတာကို ရန်သူကစွင့်ပြုမှာမဟုတ်) ကိုယ်ကြိုက်သည့် အချိန်ကိုရွေးပြီး တိုက်ရသည့်တိုက်ပွဲမျိုးမဟုတ်။ အုပ်စိုးသူက အခင်းအကျင်းဖမ်းပြီး စကင်တိုက်လာမှ သည်ကို ဘဲ့ပြန်တိုက်ရသောတိုက်ပွဲဖြစ်သည်။ ရန်သူတွင် နိုင်ငံတကာအကူအညီရေးနှင့် အကူအညီရှိသည်။ အတွေ့အကြုံရှိသည်။ အစိုးရ ယန္တရားကြီးတစ်ခုလုံးကို အသုံးပြုနိုင်သည်။ တိုင်းပြည်အတွက်ဖြင့်လက်နက်ကိုင်တပ်ကား အဆင့်မြင့်သော်လည်း အမြဲတမ်းတပ်ကြီးရှိသည်။ ထိုတပ်ကြီးမှာ တွေ့ နှစ်ရှည်လများ လေ့ကျင့်ထားသောတပ်ဖြစ်သည်။ ကျွန်ုပ်တို့ အဘက်ဘက်က ပြည့်စုံသောရန်သူကိုပြည်သူ လူထု၏ တောက်ခံမှု အထူးတည်ကိုသာ အားကိုးနိုင်သည့် သာမန်အလုပ်သမား၊ လယ်သမား၊ ကျောင်းသား စာရေးစာချီ၊ တတ်သိပညာရှင် စသည့် ပျော့ခွေနေသော ရှုံ့ဆွဲကျားများမှ စုညီသော ပြည်သူ့တပ် အ သွက် ချွေးမသိသူများကို တပ်ဖွဲ့ပြီး ရဲဘော်လက်နက် အစိုးရကို ရှုံးပိုင်တိုက်ခိုက်ကြရသည့် တိုက်ပွဲဖြစ် ရာ မည်မျှခက်ခဲကြမ်းတမ်းမည်၊ မည်မျှရှည်ကြာမည်ဆိုသည်ကို ဝဲ့ဘားကြည့်ရုံနှင့် သိနိုင်ပေသည်။

ချဉ်ဖွေးသောက်သက်အဖြင့်ပြုံ့ဘာကြည့်ပါက ဘယ်ဟိုမှမခိုင်သင့်သော တိုက်ပွဲကို တိုက်ရ ခြင်းဖြစ်သည်။ အချုံးပေး နှုံးပေးကာပြီး သေရဲသည်သော် မဟုတ်မတော်ရှုံ့ပြီး တိုက်ပွဲဝင်ရင်း ကျဆုံးရသည် က လက်ဆုံဖြစ်သည်ဟူသော အသက်မျှဖြင့် ရွှန်းစားတိုက်ရခြင်း ဖြစ်သည်။

အနေ၈ ခုနှစ် က မဟာပြည်ကွန်မြူနစ်ပါတီ၊ ဖဆပလ၊ မဟုတ်တစ်ရှေ့တောင်း လုပ် နေသူတယ် ၄၈/ မတ်လ တော်လှန်ရေးကို စစ်ရေးသက်သက် အမြင်ဖြင့်ကြည့်ကာ ဘယ်ကိုမှ ကြာကြာ ချဉ်ကပ်နိုင်မည့် တိုက်ပွဲမဟုတ် ဟူသည်ကာ ဖါစီကမပြုမရှောင်သာ၍ ဆိုက်ရသည့် လက်နက်ကိုင် တိုက်ပွဲကွင်းသို့ ပါမလာခဲ့ပေ။ တောကျင်းသို့လည်း အခါမှ ပေါက်မလာခဲ့ပေ။ (နောင်တွင်သူ့ အာ မဆော ကသူကောင်းဖြစ်သည်။ မကာလ ဌာနချုပ်ကိုပင်တက်ရောက်ခဲ့၊ အရေးပါသူတဦးဖြစ်ခဲ့သည်)

ရန်သူက အားကြီးပြီး မိမိက အားသေးသဖြင့် ဘယ်လိုမှ အချိန်တိုအတွင်း အနိုင်ရရှိ နိုင်မည် မဟုတ်ပေရာ ရေရှည်တိုက်ပွဲအဖြစ် သေနက်ချမှာ ချမှတ်ပြီး တိုက်ပွဲဝင်မှုသာဖြစ်သည်။ တော်လှန်ရေးကိုတိုက်ပွဲဆိုသည်မှာ ပြည်သူလူထုကို မှီ၍ တော်စည်းရုံး-အားကိုးပြီးတိုက်ရသည့်ကို ကိ ယ်ပွဲဖြစ်သည်။

တော်လှန်ရေး လက်နက်ကိုင်တိုက်ပွဲကို အစိကအားဖြင့် ကိုယ်အားကိုးသက်ဖြင့်ပြီး တိုက် ရ မည်ဖြစ်သည်။ နိုင်ငံတကာ အကူအညီမှာ အရံမှုကပြီး ဝင်ကိုခါတ်ရေးအရ ကူညီမှုသာရနိုင်ပေသည်။

လက်နက်ကိုင်တိုက်ပွဲကို မပြုမရှောင်သာ၍ ကိုက်လာခဲ့လျှင် သောင်းသင့်ဖြစ်ရှိ အစစအရာ ရာ ပြင်ဆင်ထားကြရမည်ဖြစ်သည်။ တော်လှန်ရေးတပ်ဖွဲ့ဆိုလျှော သေနတ်ကျေးမှာ အကြည်ပြည့်ကို ရှာဖွေ့ အကြံများကို လေ့လာသည်ဖျောအားရန်လည်း လိုအပ်ပေသည်။

အနေခြအနေပြောင်းလျှင် ပြောင်းသလို တိုက်ပွဲသဏ္ဌာန်ကို ပြောင်းလဲကျင့်သုံးရလေ့ရှိရာ -

- ငြိမ်းချမ်းစွာတိုက်ပွဲဝင်ရာမှ - လက်နက်ကိုင် တိုက်ပွဲသဏ္ဌာန်သို့ -

- လက်နက်ကိုင် တိုက်ပွဲဝင်ရာမှ - ငြိမ်းချမ်းစွာ တိုက်ပွဲဝင်သော တိုက်ပွဲသဏ္ဌာန်သို့ -

အနေအထားအရ ပြောင်းလဲနိုင်ရပေမည်။

သည် ငြိမ်/ ဒိစင်အစိုးရ ပြောဆိုလုပ်ကိုင်နေပုံကို ကြည့်ရခြင်းအားဖြင့် ဒီမိုကရေစီတိုက် ပွဲဝင် ပြည်သူလူထုများသည် ငြိမ်းချမ်းသောတိုက်ပွဲသဏ္ဌာန်မှ လက်နက်ကိုင် တိုက်ပွဲသဏ္ဌာန် သို့ မပြုမရှောင်သာ၍ ကူးပြောင်းရတော့မည့် အခြေအနေသို့ ရောက်နေပြီဟု သုံးသပ်ရပေသတည်း။

၉

# "ဒို့အရေးသုံးပါး"

သို့မဟုတ် -

## စစ်အုပ်စု၏အကြံအစည်နှင့်ခြိမ်းခြောက်မှု

၁၉၈၈ ခုနှစ် ဒေါ်ကြွရှုများ မှအာဏာပြု သော ဗမာပြည် လူမျိုးပေါင်းစုံ ပြည်သူလူထုကြီး၏ နိုင် ငံရေး တိုးတက်သက်ကြီးအောက်ဝယ် စစ်အုပ်စု နှင့် ဦးနေ/ဝင် စစ်အာဏာရှင်ချုပ် အလုံးအရင်း မဲစစ်ခံနေကြ ရသည်မှာ အားလုံးအသိပင်ဖြစ်သည်။ ခံကာတွက် တချို့တာ ဆုတ်ခံနေကြရသည်။ ဥပဒေအောင်မြင်ကြ သော စာသည်များ တချို့တာ ထုတ်ပြန်၍လည်း ပြည်သူလူထုကြီး၏ တော်လှန်ကို ဟန့်တားရန်ကြိုးစား လျက်ရှိသည်။ ကျွန်ုပ်တို့သည် ဤအမ်များအနက် "ဒို့တာဝန်အရေးသုံးပါး" ဆိုသည်မှာလည်း တခု အပါအဝင်ဖြစ်သည်။ ပကာပါ - ကျွ "သုံးပါး" သည် စစ်အုပ်စုအနေဖြင့် ပြည်သူလူထုအား အမြဲမြန်ကိုး တင်ခံရန် ရည်ရွယ်ပြင်ဆင်ထားသော ( ငွေး တို့ အသုံးအနှုန်းအတိုင်း ) "မသုတ်သတမ်းခံစာကြောင်း" ဖြစ်သည်ဟုဆိုရပေမည်။

တို့ကြောင့် ဗြိမ်/ဝင် စစ်ခေါင်းဆောင် ပွဲဝင် ပတ်သရွှေယ်နေသော ဤ "ဒို့တာဝန်အရေးသုံးပါး" ဆိုသည်မှာ မည်သို့ အဓိပ္ပါယ်သက်ရောက် ကြောင်း၊ ပြည်သူတွေအနေဖြင့် မည်သို့ကြည့်မြင် သင့်ကြောင်း .... စသည်တို့ကိုဆန်းစစ်ရန်ပို့လာသည်။ သူတို့ အဆိုက

"၁။ ပြည်ထောင်စု မပြိုကွဲရေး၊

၂။ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊

၃။ နိုင်ငံ၏ အချုပ်အခြာ အာဏာ တည်မြဲရေး" -

၁။ ဗမာပြည်သမိုင်းတွင် နိုင်းပ၍ချက်အား ဖြင့် နိုင်ငံတစည်းတလုံးတည်း ဖြစ်သည့်ကာလအ ချို့ရှိခဲ့သည်။ ယင်းမှာ အများပြောလေ့ရှိကြသည့် အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းမင်းတရား လက်ထက်များနှင့် ၁၉၄၈ ခုနှစ် နောက်ကာလ များ ပင်ဖြစ်သည်။ ယင်းကာလများအပတွင် ကျွန်ုပ်သ ကြီးသို့ လူမျိုးအလိုက် နိုင်ငံကလေးများ အနှံ့အပြား တည်ရှိခဲ့သည်။ အချို့ကည်းပေါ်လာလိုက်၊ ပျောက် သွားလိုက်ပင်၊ ထိုနိုင်ငံကလေးများတွင် အဓိကအား ဖြင့် ဘိုးဘွားရင်း၏ လူမျိုးက အုပ်ချုပ်စိုးမိုးအောက် ရှိ အခြားသော လူမျိုးမှန်သမျှ အပါအဝင် လူမျိုးကြီး ဝါဒ ကျွန်ုပ်တို့ကာ နိုင်စားသည်ချည်း ဖြစ်သည် ။ ခြွင်းချက် မရှိပေ။

နိုင်ငံတော် တစည်းတလုံးတဲ ရှိခဲ့သည် ဟု အထက်တွင်ဖော်ပြခဲ့သော ကာလ ၄ ခုအ နက် ပထမ သုံးခုမှာ ပဒေသရာဇ် အားဖြင့် သမိုင်းနောက် ပြန်ငြင်း တူညီသည်ဟုဆိုရပေမည်။ သူနှင့်သူ့ကို အခြေပြုပြီး တည်ထောင်ခဲ့သော နိုင်ငံတော်များ ဖြစ်သည်။ တိုင်းနိုင်းတခု (လူမျိုးတမျိုး) က အခြား သော တိုင်းနိုင်း (လူမျိုး) များအား စစ်ပြုသိမ်းပိုက် ပြီး စုစည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။ ပဒေသရာဇ် နိုင်ငံ နိုင်ငံများ၏ အစိတ်အပိုင်းအချို့ကို သိမ်း သွင်း အုပ်ချုပ်နိုင်ခဲ့သည်များပင် ရှိခဲ့ဖူးသည်။

သို့သော် အဆိုပါ နိုင်ငံတော်များ မှာ မည်သို့မျှ အထိ တည်တံ့ ခိုင်မြဲ ခဲ့ပါသနည်း။ သက် ဆိုင်ရာ အမျိုးသားများ၏ သဘောမပါပဲ၊ လူမျိုးရေး တန်းတူမှုမရှိပဲ၊ လက်နက်အင်အားဖြင့် အဓမ္မ စု စည်းထားသော "နိုင်ငံတော်" များမှာကာလ တို ကလေးအတွင်း၌ ပြိုကွဲကျန်ရသည်မဟုတ်ပါလော။ အနှစ် ၁၀၀ တည်တံ့သည်ဟူ၍ပင်မရှိ။

သည့်နောက်တွင်တော့ ၁၉၄၇ ခုနှ စ် တွင် ပင်လုံစာချုပ်ဖြင့် ပေါ်ပေါက်လာသောပြည်

တောင်ဂူ။ ဤပြည်ထောင်စုဖြစ်ပေါ်လာပုံ ပုံလည်း သမိုင်းနောက်ခံနှင့် ခွဲခြားပြီး စဉ်းစားသုံးသပ် ၍ မဖြစ်ပေ။ ယခင်က ဗြိတိသျှနယ်ချဲ့သမားတို့အုပ်စိုးမှု ရှိနေသေးသည်။ သည့်အချိန်က နယ်ချဲ့သမား လက်အောက်မှ လွတ်မြောက်ရန် အမျိုးသားအားလုံး စည်းလုံးညီညွတ်စွာ တိုက်ပွဲဝင်ခဲ့ကြသည်။ ရှေ့တွင်လည်း လုံးဝလွတ်လပ်ရေးမှအစ နိုင် ငံတော် တည်တံ့ခိုင်မြဲရေး၊ အုပ်ချုပ်ရေး စသည်တို့အတွက် အလားတူ စည်းလုံးညီညွတ်မှု မြဲ စဲမည်ဆိုသည့် လက်တွေ့အခြေအနေကို ပြဌာန်းချက်များ အခိုင်အမာ တည်ရှိနေသည်။ ယင်းသို့ သောအခြေအနေအောက်တွင် တိုင်းရင်းသားလူမျိုးများ၏ ကိုယ်စားလှယ်များသည် ဒီမိုကရေစီကျကျ ညှိနှိုင်းဆွေးနွေးပြီး ထိုက်သင့်သော အခွင့်အရေး -မျှယူကာ ပြည်ထောင်စုအတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတချက်ကို ရေးဆွဲအတည်ပြုခဲ့ ကြခြင်းဖြစ်သည်။ တက်တပ်တတပ် ပါတီတခု၏ဆန္ဒတခုတည်းဖြင့် ရေးဆွဲအတည်ပြုခဲ့ခြင်း မဟုတ်ချေ။ - ထို့အတူ အမျိုးသားခေါင်းဆောင် ပြည်သူလူထုကြီး အပေါ် ဂါပါတီ၊ စစ်တပ်တတပ် အာဏာရှင်စနစ်ကျင့်သုံးသည့် မည်သို့သောအဖွဲ့အစည်းကမျှလည်း - တည်တံ့ခိုင်မာသော ပြည်ထောင်စုတရပ်ကိုတည်ဆောက်နိုင် ထိမ်းသိမ်းနိုင်မည် မဟုတ်ပေ။

မဆလ တပါတီ အာဏာရှင်စနစ်ကရေးဆွဲအတည်ပြုခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေတို့သည်ကို ပဲကြည့်ပါ။ လူထုထိုင် နှုန်း ၉၀ ကျော်မျှ သောမဲများဖြင့် အတည်ပြုထားခြင်း ဖြစ်သည်ဟု ဆိုကြသည်။ စစ်အုပ်စုက ယင်းဖွဲ့စည်းပုံအခြေခံ ဥပဒေဖြင့် ပြည်ထောင်စုကြီးကို ထိန်းသိမ်းလာ ခဲ့သည့် ၁၄ နှစ်ကာလအတွင်း လူထုမကျေနပ်မှု ဆိုကြမှုများ တောက်လျှောက်ဖြစ်ပေါ်ခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် အထွဋ်အထိပ် သို့ရောက်လာသည်။ - နောက်ဆုံးတွင် စစ်အုပ်စုကိုယ်တိုင် မခံသော သားဖြစ်သည့် ငြိမ်/ပိ စစ်အစိုးရကပင် ထိုဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းပြီး အာဏာသိမ်း ခဲ့သည်။ အဆိုပါ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အ ထိနိုက် မခံနိုင်ပါဘူး၊ မပြင်ဆင်နိုင်ပါဘူး။ (၁၉၈၈ ဇခု ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် မဆလစစ်အစိုးရ၏ပြောကြားချက်) ဟု အာလျှောက်လုံးတင်းတင်းမာမာပြောဆိုခဲ့သည့် ကျွန်စစ်အုပ်စုက ပြင်ဆက်ဖြင့်ရေးပြီးခြေထောက်ဖြင့် ပြန်ဖျက်ရုံမ က ယခုအခါ၌ ဖွဲ့စည်းပုံ အခြေခံဥပဒေ မရှိဘဲနှင့်နိုင် ငံကို စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်နေသည် မဟုတ် ပါပါလော။

အခြေခံဥပဒေကိုဖျက်သိမ်းပြီးအာ ဏာသိမ်း၊ အခြေခံဥပဒေ မရှိပဲ ၁၁ နှစ်ကျော်အုပ်ချုပ်၊ ထို့နောက် ကိုယ့်ပါတီတဲ့ ရေးဆွဲအတည်ပြုရောက်ပြီး သမ္မတအာဏာ သိမ်းပြီး အခြေခံဥပဒေကို ဖျက်သိမ်း၊ ထိုပြင် ဖွဲ့စည်းပုံ မရှိပဲ ၂ နှစ်ခန့်ဆက်လက်အုပ်ချုပ်နေသော ကျွန်စစ်အုပ်စုသည် ယခုသူတို့က မြှင့်ပြီး အာဏာလွှဲပေးရမည် ဆိုသောအခါ၌ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြီးမှ အာဏာလွှဲပေးမည်ဟု ဆိုနေပြန်သည်။

၂။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး ဟူ၍ ငြိမ်/ပိ စစ်အစိုးရက ပြောနေလေရာ ယနေ့ ဗမာပြည်သည် အမျိုးသားစည်းလုံးညီညွတ်မှုရှိသော အခြေအနေလား ဟု မေးစရာဖြစ်လာသည် နိုင်ငံ တနံ့တလျားတွင် ပြည်တွင်းစစ်ဖြစ်ပွားနေပြီး လူမျိုးစုတိုင်း လိုလိုက လက်နက်ကိုင်ပုန်ကန်နေ ကြသည့် ကျွန်အခြေအနေမှာ စစ်အုပ်စုက ထိန်းသိမ်းအားလိုသော အခြေအနေပေလော။

ဗမာပြည်သမိုင်းတွင် မကြုံဘူးသော အမျိုးသားစည်းလုံးညီညွတ်မှု ပျက်ပြားနေရခြင်းသည် မည်သည့်အချိန်၊ မည်သည့်သော အခြေအနေအောက်တွင် ဖြစ်ပေါ်ခဲ့ရသနည်း။

ပထမ ဦးဆုံးသော အမျိုးသား စည်းလုံးညီညွတ်မှု ပျက်ပြားခြင်းမှာ ၁၉၄၇ ခုနှစ်တွင်ဖြစ်သည်။ ထိုစဉ်က အစိုးရနှင့် ဖဆပလအဖွဲ့ကဗမာပြည်ကွန်မြူနစ်ပါတီ အပါအဝင် နိုင်ငံရေးပါတီများအား ဒီမိုကရေစီအခွင့်အရေးများပိတ်ပင်ခြင်း၊ ထိုမှတဆင့်တက်ပြီး အကြမ်းဖက် ဖိနှိပ်ခြင်းတို့ကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီ၊ ကရင်အမျိုးသားအ ဖွဲ့အစည်း၊ အလံနီပါတီ၊ ပြည်သူ့ရဲဘော်ပါတီ၊ ပအို့အမျိုးသားအဖွဲ့ စသည်တို့မှာ မလွှဲမရှောင်သာ ပဲလက်နက်ဖြင့် ပြန်လည် ခုခံခဲ့ရသည်။ ပြည်တွင်းစစ်ကြီးစတင်ဖြစ်ပေါ်ခဲ့သည်။

နောက်တဖန် ၁၉၆၁ ခုနှစ်တဝိုက်တွင် လူမျိုးစုခေါင်းဆောင်များသည် ထိုစဉ်ကတည်က ရှိနေသော ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်အညီငှင်းတို့၏ အရေးကိစ္စများကို စဉ်းစားဆွေးနွေးကြသည်။ ၁၉၆၂ ခုနှစ်တွင် တော်ပြီးမြဲ ပြည်သုံးကျော်ညီ

တာခဲ့ကြီး ကျင်းပကြသည်။ ကျွန်ုပ်သည်အားလုံးတို့မှာ ဒီမိုကရေစီတောင်အာရှ၌ ခိုင်ရေးပါဒီများ နှင့် သောင်းစာသာရာများ၏ မျက်စိအောက်တွင်ရှုပ်ရှား ဆောင်ရွက်ကြခြင်းဖြစ်သည်။ အများဥပဒေနှင့်ဖြစ်ရှုန်း သည်ဟူ၍ ဘာမျှမရှိ။ သို့သော် ၂နှစ်ကျော်ကြာ မျှ ကိမ်ဆောင့်အစိုးရ အဖြစ်ဖြင့် အာဏာခံအားပုဘကို ခံတွင်းတွေ့နေသော ခမ်းအုပ်စုသည် ကျွန်ုပ်ဒီမိုကရေ စီကို ချင့်မပြန်နိုင်ခဲ့ချေ။ သို့ဖြင့် သူတို့၏ အရိုးရှဲ့ နေ သော ဗမာလူမျိုးကြီးဝါဒ ကလည်း ကျွန်ုပ်ချုပ်ရပ်များ ကို ချင့်မပြန်နိုင်ခဲ့ချေ။ သို့ဖြင့် "ပြည်ထောင်စုကြီးပြို ကွဲမည့်အန္တရာယ်မှ ကာယ်တင်ရန်" ဟူဆိုကာ အာ ဏာသိမ်းခဲ့ပြီး ယနေ့အထိ ၂၈ နှစ်ကျော်မျှကာပါ ပြီ စစ်တပ်တာဘ်၏ အာဏာရှင်စနစ်ဖြင့် အုပ်ချုပ် ခဲ့လေတော့သည်။ ထိုအခါတွင် သဘာဝကျစွာ ပ င် မိမိတို့၏လိုအားချက်များကို ဒီမိုကရေစီတောင်အ ကွင်း၌ တောင်းဆိုရသည့်အပြင် ဖမ်းဆီးညှဉ်းပမ်း ခြင်းများ ခံရသော လူမျိုးစု ခေါင်းဆောင်များအနေဖြင့် လက်နက်ကိုင် တော်လှန်သည့်လမ်းကြောင်းကိုသာ လိုက်ခဲ့ကြရသည်။ ကျွန်ုပ်သည်ကား ၁၉၆၁ ခုနှစ်များ အကြောင်းရင်းဖြစ်သည်။

တပင် ၁၉၈၈ ခုနှစ် ပြည်သူ့အုံကြွမှု ကြီး တွင်လည်း မိမိတို့၏ လိုလားချက်များကို ငြိမ်းချမ်း စွာ ဆန္ဒပြတောင်းဆိုခဲ့ကြသည့် လူထုကြီး အား စစ်အစိုးရက ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ပြန် သည်။ ဖမ်းဆီး ညှဉ်းပမ်းသည်မှာလည်း အတော် အသောင်းပင်။ ထိုအခါ လက်နက်ကိုင်တော်လှန်သည့် အင်အားသစ်များ တတိယအကြိမ် အလှုံးအရင်းနှင့် ပေါက်ကွဲပေါ်ထွက်ခဲ့ပြန်သည်။

အကယ်တော့ လူမျိုးစုဒေသများ၌ပြည် သူများသည် ယေဘုယျအားဖြင့်ပြောရလျှင် ဗ မာဆန့်ကျင်ရေး စိတ်ဓါတ်မရှိကြချေ။ ဝေးလံရောက် ကျပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် လည်း တဦးနှင့်တဦးတွေ့ဘူး ဆက်ဆံဘူးခြင်းနည်း ပါးလှသည်။ အလွန်ဆုံး ဈေးရောင်းရောက်သည့်အချို့ ကုန် ကူးသွားခြင်းနှင့် ဘာသာရေးအချို့ ဘုရားဖူးသွား ခြင်းလောက်သာရှိသည်။ သို့ဖြင့် တချပ်ခြားအကြောင် းကို အကြောင်းပြုပြီး စစ်အုပ်စုက "ဗမာ့" တပ်မ တော်မှ တပ် အမြောက်အများ ပြည်နယ်များသို့ ရောက်ရှိလာခဲ့ကြသည်။ နောက်ပိုင်းတွင်ပြည်တွင်း စစ်ကြောင့်မှု ပို၍ရောက်လာကြသည်။ ယင်း တပ် များသည် စိတ်ကျသော ကြေးစားတပ်ဖြစ်သကဲ့သို့ ရ ရိုက်များကို ပေါ်ပြခဲ့ကြသည်။ လုယက်မှု၊ မုဒိမ်း မှု၊ ညှဉ်းပမ်းနှိပ်စက်မှု ... စသည်တို့ဖြင့် အဆင့်ခင် ပညာပေးမှုအတိုင်း ဗမာလူမျိုးကြီးဝါဒကိုလည်း ဖြောင်းဖြကြပြီး နည်းမျိုးပေါင်းစုံဖြင့် ကျင့်သုံး ခဲ့ကြသည်။ သို့သော် ရိုးဖြောင့်သော လူမျိုးစုပြည်သူ အချို့၏ မျက်လုံးထဲတွင်မူ ကျွန်ုပ်ကြေးစားတပ်များ မှာ "ဗမာ"တပ်များဖြစ်နေသည်။ ကာလကြာ ရှည် ကြိမ်ဖန်များလာသောအခါ သူတို့အကြားတွင် ဗ မာဆန့်ကျင်ရေး စိတ်ဓါတ်များ အညှော်ကြ ပြု၍ အမြစ်တွယ်လာတော့သည်။

ကျွန်ုပ်ငြင်းကွယ်သာသော မှတ်ချက်များကို ကြည့်ခြင်းအားဖြင့် အမျိုးသား စည်းလုံးညီညွတ် မှု ဆိုသည်ကို ဒီမိုကရေစီ မျိုးနှင့်ဖြစ်စေ၊ အာဏာရှင် စနစ် ကျင့်သုံး၍ဖြစ်စေ၊ လူမျိုးကြီးဝါဒ ကျင့်သုံး ၍ ဖြစ်စေ မည်သို့မျှ မဟာညီသောက်နိုင်ကြောင်းရှင်း ပေသည်။ ထိုအပြင် ကျွန်ုပ်နှိပ်ရေးပေါ်လစီများကို ကျင့် သုံးသည့် ၁၉၆၂ မှ စစ်အစိုးရကဲ့သို့သောသူများက တိုင်းရင်းသား စည်းလုံးညီညွတ်ရေး မပြိုကွဲအော င်လုပ်မည်ဟုဆိုခြင်းမှာလည်း လုံးဝမဖြစ်နိုင်ချေ။

၃။ နိုင်ငံတနိုင်ငံ၏ အချုပ်အခြာအာဏာပိုင် မှုဆိုသည်မှာ မည်သည့်နိုင်ငံ၊ မည်သည့်အခါတွင် မှ လူတဦး သို့မဟုတ် လူတစု၏ ကာလဝါအတွက်ဆောင် ရွက်မှုကြောင့် ရရှိခဲ့ခြင်း သို့မဟုတ် ထိန်းသိမ်းကာ ကွယ် ခဲ့ခြင်း မဟုတ်ချေ။ နိုင်ငံသားအားလုံး သမိုင်းနှင့်ချီပြီး ပုံးပမ်းဆောင်ရွက်မှုကြောင့် ရရှိ ခဲ့ခြင်း၊ ထိန်းသိမ်းကာကွယ်နိုင်ခြင်းဖြစ်သည်။

ဗမာပြည်၏ သမိုင်းကိုပြန်ကြည့်ပါ။ တိုင်း ပြည်၏ အချုပ်အခြာ အာဏာပိုင်မှုကို ရယူခဲ့ သူ များစာရင်းတွင် သူရဲကောင်းဘဝ ရောက်ခဲ့ရှိ မှုစဉ်ကိုက် မှတ်ခဲ့သူ အားလုံးကို ကာဉည်းသုံး ရပေမည်။ နှစ် ပေါင်းသော ကျော်ကာလာအတွင်း သကြားနှင့်မျိုးစုံဖြ င့် အသက်သွေး ချွေးများ စတေးကာ တိုက်ပွဲခဲ့ရ သော အချုပ်အခြာ အာဏာပိုင်မှုဖြစ်သည်။ လူ မျိုးပေါင်းစုံ၊ ရှုအလျှာပေါင်းစုံ၊ နိုင်ငံရေး အင် အားစုပေါင်းစုံတို့ ပါဝင်ခဲ့ကြသည်။ စစ်တပ် တခု တည်းမဟုတ်။

သို့သော် ယခုအခါတွင်မူ ၁၉၆၂ မှစ၍ ရအောင်ရ ထိုးရသည် နိုင်ငံ၏အချုပ်အခြာ အာဏာပိုင်မှု ကို ကာကွယ်ရန်အတွက် ငှင်းတို့ချည်းသာ၊ ပုံးပမ်းနေ သယောင်ယောင် ပြောနေကြသည်။ အကယ်တော့

စစ်အုပ်စုသည် ဗမာပြည်သား ပြည်ပအင်အားစုများလက်မှ ကာကွယ်ခဲ့သလော။ သို့မဟုတ်တိုးအပ်ခဲ့သလော ဆသချာစစ်ဆေးကြည့်သင့်ပေသည်၊ စစ်အုပ်စုအနေဖြင့် သူတို့အာဏာသက်တမ်း ၂၈ နှစ်ကျော်အတွင်း တိုင်းပြည်အား ပြည်ပအပေါ် မှီခိုမှုမှ ကင်းလွတ်အောင်လုပ်ခဲ့ပါသလား၊ သို့တည်းမဟုတ် ပြည်ပအကူအညီနှင့် ချေးငွေများအောက်ဝင်သို့ ကျုံးလုံးကျွားကျွား ထွန်းပုံခဲ့သလား။ သူတို့အာဏာသိမ်းကာစ ၁၉၆၂ ခုနှစ်အတိုင်း မြည်၏ ပြည်ပကြွေးမြီ ကျပ် ၃၈-၄၉ ကုဋေရှိခဲ့ပြီး ယခုနှစ်အခါ၌ တရားဝင်ငွေကြေးလဲလှယ်နှုန်းအရ တွက်ချက်လျှင် ပြည်ပကြွေးမြီကျပ်ကုဋေ ၄၀၀၀ ကျော်မျှဖြစ်နေသည်။ အဆ ၁၀၀ မျှတိုးများခဲ့သည်။ ထို့ပြင် ကမ္ဘာ့ဘဏ်ရဲ့ဆုံး နိုင်ငံစာရင်းဝင်သွားခြင်းကြောင့်လည်း ဗမာပြည်မှာပြည်ပနိုင်ငံကြီးများက "သနားပါမှ ကယ်မပါမှ" ဆိုတဲ့အဆင့်သို့ ကျရောက်သွားရသည်။

ကျွန်ုပ်သည်နှင့်တသက်တည်း စစ်အုပ်စု၏ နိုင်ငံခြားရေးပေါ်လစီမှာ အညွန့်ကုံးသထက် အညွန့်တုံးလာသည်။ နိုင်ငံတကာရေးရာများ တွင်လည်း ဘူးပဲ့ကိစ္စများမှအပ မည်သည့်ကိစ္စမျှ တွင်မှ သက်ဆက်မြက်မြက် မပြောမဆိုဝံ့တော့။

ထို့ပြင် ကျွ ၂၈ နှစ်တာကာလအတွင်း (ယခုနေ့အထိ) စစ်အုပ်စုသည် ပြည်ပနိုင်ငံများ(အထူးသဖြင့် နယ်ချဲ့အရင်းရှင် နိုင်ငံများ) နှင့်ဆက်ဆံရာမှာ သော စီးပွားရေး လုပ်ငန်းများတွင် ဗမာပြည်ဘက်မှ အကြီးဆုံး ပျယ်ယွင်းမှု၊ အရေးကြီးဆုံးအခန်းက ကူ ဆောင်ရွက်သူအဖြစ်ပါဝင်ခဲ့သည်။ သူတို့သက်တန်း တလျှောက်တွင် ပက်ဝေခံအပုပ်ကိုတဦးတည်း မူပိုင်ကဲ့သို့ကိုယ်ယူထားခဲ့သည်။ ယခုနောက်ပိုင်း တခါးဖွင့်ပေါ်လစီ ကျင့်သုံးသည် ဆိုသောအခါ၌လည်း "မြန်မာ့စီးပွားရေးဦးပိုင် ကော်ပိုရေးရှင်း" ဟု စစ်ဘားနှုန်း ဆောင်ရွက်ပေါ်သည် အနိမ့်ဆုံး သူတို့ပိုင်ဆိုင်သည့်သော အဖွဲ့အစည်းဖြစ်ရန် လုံးပမ်းကျက်ရှိသည်။

ကျွန်ုပ်စစ်အုပ်စုကသာ သူတို့အစဉ်အလာအတိုင်း နိုင်ငံ၏အချုပ်အခြာအာဏာကိုဆက်လက် ပိုင်းသိမ်းသွားမည်ဆိုပါက ဖြီးခဲ့သည့် ၂၈ နှစ်ကျော်ကာလအတွင်းက အချုပ်အခြာအာဏာပိုင်မှု မျိုးပဲဖြစ်နေလိမ့်မည်သာ။

၄။ ပြန်ချုပ်ကိုက်လျှင် စစ်အုပ်စု ကိုယ်တား ငြိမ်/ပိစစ်အခိုးရပြောနေသည့် "နိုင်ငံသာ ၁၀ နှစ်အရေးသုံးပါ" ဆိုသည်မှာ ပြည်တွင်း၌

- ဒီမိုကရေစီမှ (တပါတီ၊ ပစ်ဆယ်တာကာပ်၏အာဏာရှင် ၈ နှစ်ကသည်း မရှိမှ)

- ငြိမ်းချမ်း ရေးရှိမှ

လူမျိုးပေါင်းစုံ ပြည်သူလူထုဘာရုပ်လုံး၏ ညီညွတ်သော လုံးပမ်းမှုဖြင့်တည်ဆောက်နိုင်ကြောင်း အသေအချာမြင်တွေ့နေကြရပေသည်။ ဗမာပြည်သည် အမျိုးသားလူနည်းစုဦးရေအကွန်များသော နိုင်ငံတခုဖြစ်သည်။ အမျိုးအစားအားဖြင့်များ သကို အရေအတွက်အားဖြင့်လည်း တူးထူးခြားခြားများသည်။ ထို့ကြောင့် တိုင်းပြည်၏အရေးကြီးသော ခေါင်းကျသောပြဿနာများကို အမျိုးသားအားလုံးတန်းတူညီညွတ်စွာဖြင့် ညှိနှိုင်းအဖြေရှာမှသာ အရာရောက်နိုင်ပေသည်။

သို့သော် ငြိမ်ပိစစ်အခိုးရကမူကျွ အရေးကိစ္စကြီးများမှာ ၎င်းတို့စစ်တပ် တဦးတည်းတွင်သာ တာဝန်ရှိသလိုလို၊ တာဝန်ယူထားရသလိုလိုပြောဆိုနေသည်။ ပြောဆိုသည်မှ "ကျွန်ုပ်အရေးသုံးပါးကို နည်းနည်းမှအလိုပါ၊ မခံဘူး။ ထိပါးသော မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းကိုမျှ ကျွန်ုပ်ရနေမှာ မဟုတ်ဘူး၊ ကက ခုနှစ်အခြေအနေမျိုးကို မည်သည့်အချိန်၊ မည်သည့်အခါမျှ ထပ်မံ ဖြစ်မခံနိုင်ဘူး" ဟုသာဖြင့် မောက်မာသည်။ မည်သည့်အချိန်မည်သည့်အခါမျှ ဆိုသည့်အတိုင်း အာဏာမှာ နောက်အဆိုးရအသက်ဆက် ဘတိကျွမ်း ဖြဲနေလေသလား။ ကျွန်ုပ်သည်တက် မြွေခင်ကျ သော ခြိမ်းခြောက်မှုမျိုး ရှိခိုင်ပါသေးသလော။ ပြည်သူတရပ်လုံးနှင့် နိုင်ငံရေးအင်အားစုများအား ဖုံးကိုခြိမ်းခြောက်နေခြင်းပင်။

ပြီးခဲ့သည့် ရွေးကောက်ပွဲ၏ အနိုင်အရှုံးရလာဒ်သည် စစ်အစိုးရအား အကြီးအကျယ် အကြပ်ရိုက်သွားစေကြောင်း နိုင်ငံရေးအကဲခတ်ပညာရှင်တိုင်း သိနေကြသည်။ ထို့ပြင် ပြည်သူလူထုကြီးနှင့် စစ်အုပ်စုတို့အကြားမှာမှင့်ဟသွားသည်ကိုပြတ်ပြတ်သားသား ပြင်းပြင်းထန်ထန် တည်ဆဲဖြစ်ခဲ့ကြောင်းကိုလည်း တစည အကြီးအကျယ် ရှုံးနိမ့်ခြင်းက ပြသနေသည်။

သို့ကြောင့်မို့ စစ်အုပ်စု၏ များအကြံအစည်တခုဖြစ်သော ရွေးကောက်ပွဲပြီးသည့်နောက်တွင် နိုင်ငံရေးပါတီများအကြား မဲနှင့်အမတ်နေရာ

၄

ဝေဠုပြားရေခြင်းဖြင့် ပြောက်ကျားအတွင်းအလှုပ်ရှုတ်နေစေမည်ဖြစ်သည့် ဗိုက်ကျူးမှာ ပျက်ပြားသွားပေပြီ။ ကျွန်ုပ်အနေအထားကောက်ကျွင် ငှင်းဝင့်သည့်အခြားသောအစီအမံ၊ အကြံအစည်များပေါ်ထွက် ရန်ခေါင်းချင်းရိုက်နေကြမည်မှာ သေချာသည်။ ကျွန်ုပ်တို့ပြုလုပ်ရန်အ ကြံ အချိန်ဆွဲသည့်အနေဖြင့် ရွေးကောက်ပွဲအနိုင်ရရှိမှုများကို အကျွယ်တကျမြန်မြန်သန်အန် ကြေငြာနိုင်ပါရက်နှင့် ရက်သတ္တသုံးပါတ်မျှအချိန်ယူပြီးထုတ်ပြန်ခဲ့သည်။

ထိုသို့ တဖက်မှအချိန်ဆွဲပြီးတဖက်ကကြင်ဆင်ကြံကြံနေသည့်ကာလအတွင်း ယခုကဲ့သို့ "ဖိုးအရေးအခင်းပါးဖြင့် မြည်တူညာတူနှင့် အတိုက်အခံနိုင်ငံရေးအင်အားစုများကို ဖြိမ်းခြောက်နေသည်မှာအကြောင်းမဲ့ မဖြစ်နိုင်ချေ။ တိုက်ဆိုင်မှု ပို၍ မဖြစ်နိုင်ချေ။

ကျွန်ုပ်သည်းရုပ်ကိုအကြောင်းပြုရမည်ဆိုလျှင်မြို့ အာဏာကို ဖက်တွယ်မထားပေဘူးလား ........။ လူထုအများအပြားကာမဲ့ဖြင့် ကိုယ်စားလှယ်အများစုမဲ့ပြီး နိုင်ငံရေးဖြေရှင်းမှုကြီးမလုပ်ပေဘူးလား။ ပြီးခဲ့သည့်အာဏာသိမ်းမှုများတွင်ရှု အသားကုအကြောင်းပြချက်များဖြင့် " မတော်သဘာသမြင့် " လုပ်ခဲ့ကြသည်ချည်းဖြစ်သည်။

ချိုးပြီး နေ့လုပ်ငန်းတာဝန်များကိုပိုမိုရဲဝံစွာ
အမှတ်ကြပါစို့ ။ ကျွန်ုပ်တို့ လုပ်ငန်း ၏
အခြေခံမှာလူထုအကျိုး [illegible] တားအာ
ကျိုးစီးပွားများ
နှင့် နိုင်ငံဖြစ်ပေါ်
တိုးပွားမှုအာ
တွက် မျက်
မှောက်လိုအပ်
ချက်များကိုမှန်
မှန်ကန်ကန်
တွက်ဆနိုင်ရန်ဖြစ်
သည် ။ အစိုးရပြုလုပ်
ချရေးနှင့် တော်
လှန်သောအ
စိုးရအရပ်က တိုင်းပြုပြည်
ပြုလွှတ်တော်တရပ် -
(Constituent Assembly) ခေါ်ယူကျင်းပရေး
တို့ တော် - [illegible]

[illegible] သွေးထွက်သံယိုဖြစ်သော အ
သေအကြေတိုက်ပွဲကြီးသို့ ဦး
တည်လာနေကြောင်း လူ
ထုတွေ့ သိပါစေ ။ လူထု
များအကြားသေမှာ
မကြောက်သော
စိတ် ဓါတ်
အနှံ့အပြားဖြစ်
ပေါ်ပြီး -
အောင်ပွဲအတွက်
အာမခံချက်
ဖြစ်ပါစေ ။ ရန်သူ
အပေါ်တိုးစစ်
ဆင်နွှဲသည့် မြို့အား
ပါရမည် ။ လူထုဦးအတွက်
ကြွေးကြော်သံသည် တိုးစစ်ဖြစ်ရမည် ။
[illegible] မဖြစ်ရပေ ။ ၄င်းတို့၏ [illegible] ဝန်
မှာ ရန်သူကို မညှာမတာ သတ်သင်ရေးဖြစ်သည် ။
[illegible]

# မော်စကိုအုံကြွမှု

## ၏

## သင်ခန်းစာများ –

— စာတည်းအဖွဲ့ရဲ့အမှာ —

- အကောင်းဆုံး ( ငြိမ်းငြိမ်းချမ်းချမ်း ) ဖြစ်ဖို့ မျှော်မှန်းထားတာနဲ့တချိန်တည်းမှာ အဆိုးဆုံး (အကြမ်းဖက်ရမှု) အတွက်လဲ ပြင်ရမဲ့အချိန်ရောက်နေပြီး ။
- ဘာတွေပြင်ရမလဲ ? အခုဖေါ်ပြလိုက်တဲ့ ဘာသာပြန်ဆောင်းပါးက ဘာတွေပြင်ရမယ်ဆိုတာကို စဉ်းစားနိုင်ဖို့ အချက်အလက်တွေပေးပါ လိမ့်မယ် ။

• လွန်ခဲ့တဲ့ နှစ်ပေါင်း ၈၀ ကျော်က ရုရှားပြည်မှာဖြစ်ခဲ့တဲ့ လူထုအုံကြွမှုရဲ့ သင်ခန်းစာဖြစ်လေတော့ အားလုံးကို ပုံသေကားချ ကူးယူအသုံး ပြုလို့တော့ မဖြစ်ပါဘူး ။ ဒါပေမဲ့ အခြေခံ သင်ခန်းစာတွေကတော့ မှန်ကန်ဆဲ ရှင်သန်ဆဲဖြစ်ပါတယ် ။

ဗွီအုပ်

# မော်စကိုအုံကြွမှု ၏ သမိုင်းနေရာများ

<u>၁၉၇၅ ခုနှစ် ဒီဇင်ဘာလ၏ မော်စကို</u>

(မော်စကို ၁၉၀၅ ခုဟူသောစာအုပ်အားပုံနှိပ် ထုတ်ဝေခြင်းမှာ အချိန်အခါနှင့်ကိုက်ညီလှ ပေသည်။ ဒီဇင်ဘာ အုံကြွမှု၏ သမိုင်းစာမျက်နှာများ ကို ထုတ်ဖော်ရန်မှာ အလုပ်သမားပါတီ၏ မပြတ်မနေ လုပ်ရမည့်တာဝန်ဖြစ်သည်။ သို့သော်ကံဆိုးချင် တော့ ကျွန်ုပ်တို့မှာ ချွမ်းခြောက်သော ကြွက်ချေး အနည်းငယ်ရောနှောထားသည့်သို့ရှိသည်။ မပြည့် စုံသော်လည်း စိတ်ဝင်စားဖွယ်ကောင်းလှသည့် အချက်အလက်များ နောက်ပြီး မေ့ပျောက်ကြည့်ရှု ရ ပောက်အောင် မကြေမှာသပ်ရေးသားသားခြင်း နှင့် မပျော်ကြည့်ရှုရ ပောက်အောင်အပ်ကြောင်း တပ်ပြီးငြိမ်းရွေးကျောကောင်းလှသည့်နိဂုံးချုပ် ချက်များ ......။ကျွန်ုပ်တို့၏ ချုပ်ချက်များနှင့်ပါတ် သက်၍ နောက်တခါ ရှုမှုပြောပါဦးမည်။ လော လောဆယ်မှာတော့ ယခုနေ့ကာလတွင် အပူ အ ပြင်း ရှာဖွေကြရန်ရှိသည့် ခိုင်ခံ့ရေးပြုသမှာ ဆီ အသုံးပြုပြီးကြပါဦး ဆို ။ မော်စကိုပုန်ကန်မှု၏ သင်ခန်းစာများ ဆီသို့ ...။

မော်စကို ဒီဇင်ဘာ လှုပ်ရှားမှု၏အခါ ကာလမှာဘုရင် များ ငြိမ်းချမ်းသော သမိုင်းနောက် မှုနှင့် အသွင်ပြောင်းခြင်းများပြုစိတ်သည်။ အလုပ်သမား တို့ ပြင်းပြသော အားထုတ်မှုကြီးသည် ကျွန်ုပ်တို့ပွဲသမ္မတ မှာတွင် ဘက်ဆယ်ပတ်နှင့်ပါဝင်လှုပ်ရှားကြသည် သို့သော် မော်စကိုမှ ကျွန်ုပ်တို့၏ လှုပ်ရှားမှု က ပင်ကျင် အောက်မေ့ဖွယ် အလေးအနက်သော ပြခြင်း ဖြစ်သည်။ အစွေ့အငွေ့သမိုင်း အဲ သည် မှာ သီးခြားတိုက်ပွဲ၊ အစိတ်အပိုင်းမှိုင်း သော တိုက်ပွဲသမ္မာန်ဓားဖြင့် ဖောက်ထွင်းသွားပေပြီ။ ကျွန်ုပ် ရှားမှုသည် အခြေခံကျပြီး ကားမရှုသောဘက်အားဖြင့် ကျကျနနမြောင်းသော တောင်များကို ချိုးဖောက်ထွက် ပြီး ပိုမိုမြင့်မားသော တိုက်ပွဲသမ္မာန်သစ်ဆီသို့သွားနေ သည် — ပုန်ကန်မှုပင် ။

ဖော်လှန်သော ပါတီအားလုံး၊ မော်စကို သမဂ္ဂအားလုံးတို့သည် သပိတ်ကို ကျော်ကြား၍ ကျွန်ုပ် တို့သည် အုံကြွမှုအဖြစ်သို့ ကျွမ်းသွေးကြီးသွားသည်။ ရမည့်ဆိုခြင်းကို သတိပြုမိခဲ့သော်လည်း သိရှိခဲ့ကြ လေ သည်။ သို့သော် ကာလ တန်းတွင်မူ ကျွန်ုပ်တို့၏ အသစ်မှ မည်သည့်အဖွဲ့အစည်း မျှ မွှတ်သွင်းခြင်း မရှိကြ ချေ။ တိုက်ပွဲ၏ အရေးသပိတ်များ မူးတွဲကောင်းကိုကယ် ကျော်အုံကြွမှုသို့သည်မှာ အလွန်ကျယ်ပြန့်သေးသော ကိစ္စဟု ပြောခဲ့(ဒီဇင်ဘာ ၉ ရက်မှာ တော်မှ ....) သည်။ လမ်းမပေါ်မှ တိုက်ပွဲတွင် ငွေးတို့ချုံးပါ ပါ ကြောင်း၊ သို့မဟုတ် ချုပ်ကိုင်မှုမရှိကြောင်း မြင်သာလှ သည်။ အဖွဲ့အစည်းများ သည် လှုပ်ရှားမှု ကြီးထွား မှုအကို အတော တသသည်တို့နှင့် အပြေးသည်မလိုက်နိုင် ပေ။

သပိတ်မှ အုံကြွမှုသို့ ကြီးထွားရခြင်းမှာ အ ခြေခံအားဖြင့် အောက်တိုဘာနောက်ပိုင်းတွင်ဖြစ်ပေါ် လာသော ပကတိအခြေအနေများ၏ ဖိအား ကြောင့်ဖြစ်သည်။ အထွေထွေသပိတ်ဖြင့် အစိုးရအပေါ် အလစ်အငိုက် မရနိုင်တော့ချေ။ အစိုးရသည် စစ် ရေး အတွက် အသင့်ရှိသော တန်ပြန်တော်လှန်ရေး ကို စည်းရုံးပြီး စည်း ပြီးနေပေပြီ။ အောက်တိုဘာနောက် ပိုင်းရှုပ်ရှားတော်လှန်ရေး၏ အထွေထွေလမ်းကြောင်း နှင့် မော်စကိုမြို့ပြဖြစ်စဉ်များက တွက်ချက်နက်နဲသော

၄

အခုတရုပ်အတွက် အင်မတန်ကောင်းသော သက်သေခံချက်များ ပေါ်ပြူလျက်ရှိသည်။ ယင်းမှာ-တော်လှန်ရေးသည် အားကောင်းပြီး စည်းလုံးမှုရှိသော တန်ပြန်-တော်လှန်ရေးကို ဖြစ်ပေါ်စေခြင်းဖြင့် ရှေ့သို့တိုးတက်သည်။ ခိုင်လုံသည့်မျှ တော်လှန်ရေးသည် ရန်သူအား မှို့မှို့ တောင့်တင်းသောခုခံမှုများ ပြုလုပ်စေပြီး - ထိုသို့ဖြင့် ပိုမိုအားကောင်းသော တိုက်ခိုက်နည်းများကို ပေါ်ထွက်လာစေသည်။

ဒီဇင်ဘာ ၇ ရက်နှင့် ၈ ရက် - ငြိမ်းချမ်းသည့်သပိတ်၊ ငြိမ်းချမ်းသည့်လူထုဆန္ဒပြပွဲများ ။
၈ ရက်နေ့ညနေ - အလူကွာဝါပြတိုက်* ကိုသိမ်းပိုက်မှု
၉ ရက်နေ့မနက် - စတရပ်စနာယာကွက်လပ်၌ လူအုပ်အား သေနတ်ကိုင်မြင်းတပ်က တိုက်ခိုက်ခြင်းခံရသည်။ ညနေပိုင်း - ဖိုးသားတို့အိမ်အား မျက်သိမ်းခြင်းခံ ရသည်။ ပေါ်သအရှိန်မြင့်တက်လာသည်။ စည်းရုံးမှုမရှိသော လမ်းပေါ်မှလူအုပ်များသည် အလိုအလျောက်ပင် မရဲတရဲဖြင့် ပထမဆုံးသော အတားအဆီးကတုတ်များ ဆောက်လုပ်ကြသည်။

၁၀ ရက်နေ့ - အတားအဆီးကတုတ်များနှင့် လမ်းပေါ်ရှိလူအုပ်များကို အမြောက်ဖြင့်ပစ်ခတ်သည်။ အတားအဆီးကတုတ်များကို တမင်ပို၍ပင် ဆောက်လုပ်ခဲ့ကြသည်။ သီးခြားစီမဟုတ်တော့။ တကယ့်ကို အုံနှင့်ကျင်းနှင့် အများအပြားဖြစ်လာသည်။ လူအားလုံး လမ်းများပေါ်ရောက်နေကြပေပြီ။ မြို့ကြီး၏အချက်အခြာ နေရာမှန်သမျှတွင် အတားအဆီးကတုတ် ပိုက်ကွန်များ ဖြန့်ချထားသည်။ တိုက်ခိုက်ရေးကင်းစိပ်များသည် ရက်ပေါင်းများစွာပင် စစ်တပ်များအား ခေါင်းမာမာဖြင့် ပျောက်ကျားစစ်ဆင်နွှဲကြသည်။ ရန်သူများ ခြောက်လှန့်လက်ပမ်းကျပြီး ဒူဘာဆော့ဗ်** အနေဖြင့် စစ်ကူတောင်းရတော့သည်။ ဒီဇင်ဘာ ၁၅ ရက်နေ့ကျမှသာ အကူအညီတပ်များမှာ ကာကေးတန်းသို့ ကွန်မှ ရောက်ရှိတော့သည်။ ဒီဇင်ဘာ ၁၇ ရက်နေ့တွင် စင်မြိုနော့စ်တပ်ရင်းက အုံကြွမှု၏ နောက်ဆုံးခံကတုတ်ဖြစ်သည့် ပရက်စနျာ ရပ်ကွက်ကို တက်သိမ်းသည်။

သပိတ်နှင့်ဆန္ဒပြပွဲများမှ အဆက်အစပ် မရှိသည့် အတားအဆီးကတုတ်များသို့ အဆက်အစပ်ရှိသည့် အတားအဆီးကတုတ်များမှ ကတုတ်များ အုံနှင့်ကျင်းနှင့် ဆောက်လုပ်လာကြခြင်း ၊ စစ်တပ်ကို လမ်းမများပေါ်တွင် တိုက်ခိုက်ကြခြင်း၊ ပစ္စည်းမဲ့တို့၏ တိုက်ပွဲသည် အဖွဲ့ အစည်းများအပေါ်မှ ကျော်သွားပြီး သပိတ်မှ အုံကြွမှုသို့ ဖြစ်ပေါ်တိုးပွားသွားသည်ကား ၁၉၀၅ ခုနှစ် ဒီဇင်ဘာလတွင် ရုရှားတော် လှန်ရေးအနေဖြင့် ရရှိလိုက်သော အကြီးမားဆုံး သမိုင်းအမြတ်ဖြစ်သည်။ ယခင်ကရရှိခဲ့ဘူးသည့် အမြတ်အစွန်းကဲ့သို့ပင် ကြီးမားသောစွန့်လွှတ်မှုများဖြင့်ရင်းနှီးခဲ့ကြရသည်ကား လှုပ်ရှားမှုအား အထွေထွေ နိုင်ငံရေးသပိတ်မှ ပုန်ကြွသော အဆင့်တခုသို့ မြှင့်တင်ခဲ့သည့်နေ့ ပေါက်ပြန်မှ အနေဖြင့် ခုံရာတွင် အလုံးအရင်းများအထိ သို့ရောက်ရှိသွားစေခဲ့သည်။ သို့ဖြင့် တော်လှန်ရေးအ နေဖြင့်လည်း တိုက်ခိုက်မှုနည်းနာတွင် အလုံးအရင်းများအထိသို့ ရောက်ရှိသွား လုံးဝပါ ဖြစ်ပေါ်စေခဲ့သည်။ တော်လှန်မှုအနေဖြင့် အတားအဆီးကတုတ်များ၊ အိမ်များ နှင့် လူစုဝင်မှုများကို အဆြောက်ဖြင့်ဆွဲသည့်သည်ထက် ပိုလှုပ်ရှားမှုရှိတော့ပေ ။ သို့သော် တော်လှန်ရေးအနေဖြင့် မူဝါဒ တိုက်ခိုက်ရေးတပ်စိပ်များထက် အများကြီးပိုပြီးလုပ်နိုင်သေးသည်။ အတိုင်းအတာအရ နောက်ချိုးမှုအရ အများကြီး အများကြီး ပိုလုပ်နိုင် သေးသည်။ သို့ဖြင့် ဒီဇင်ဘာမှစပြီး တော်လှန်ရေးမှာ ရှေ့သို့ဖြစ်ပေါ်တိုးပွားလာခဲ့သည်။ တော်လှန်သော အကြပ်အတည်းကာလ၏အခြေခံမှာမူး ကိုကျော်အောင် ကျယ်ပြန့်လာခဲ့သည်။ ဓါးကို တစ်သက်သက်အောင် ရွေးကြရတော့မည်။

တိုက်ပွဲ၏ ပကတိအားအခြေအနေများ ပြောင်းလဲမှုနှင့် သပိတ်မှ အုံကြွမှုသို့ပြောင်းလဲရန် လိုအပ်မှုကို ပစ္စည်းမဲ့လူတန်းစား ကခေါင်းဆောင်များသာက အဘိုင် သတိပြုမိခဲ့ကြသည်။ ဖြစ်လေ့ဖြစ်ထ ရှိသည့်အတိုင်းပင် လက်တွေ့သည် သဘောတရားအရ ရှေ့မှချက်ကျသည်။

---

* အာလူကွာဝါပြတိုက် — မော်စကိုရှိ ပွဲရှာသီကပွဲရုံနှင့် ပန်းခြံတခုဖြစ်ပြီး ၁၉၀၅ ခုနှစ်ခတ်ဘိုင်းတော် လှန်ရေးအစည်းအဝေးများ ကျင်းပရာတွင် ဖြုံဖိပ်ပေး၍သည်။

